# ကြေးမုံ

The Mirror

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် စတင်ထုတ်ဝေသည်။ — ၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ သောကြာနေ့ (1-3-2013) (၇၄၁၁)


ခေတ်မီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်စေဖို့ဆိုတာ ပြည်တွင်းအင်အားက အဓိကကျသလို အထူးသဖြင့် ယနေ့ကမ္ဘာကြီးမှာ ဖြစ်ပေါ်တိုးတက်နေတဲ့ အခြေအနေအရ နိုင်ငံများဟာ မိမိတစ်ဦး တည်းရပ်တည်ဖို့ မဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း ခေတ်မီတဲ့ နိုင်ငံတကာဆက်ဆံရေး ပုံစံတစ်ရပ်ကို ပုံဖော်နိုင်ဖို့ ကြိုးပမ်းလျက်ရှိ။

# ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မှာ အခိုင်အမာယုံကြည် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ကြရာမှာ အချင်းချင်း စိတ်ရှည်သည်းခံနားလည်ခွင့်လွှတ် စာနာထောက်ထားမှုနဲ့ ပူးပေါင်းလုပ်ဆောင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားသည့် မိန့်ခွန်း (၁-၃-၂၀၁၃)

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော့်အနေနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ မူဝါဒများနဲ့ လုပ်ဆောင်ချက်များကို အခါအခွင့်သင့်တိုင်း မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် ဆက်သွယ်ပြောကြားနေကျဖြစ်တဲ့အတိုင်း ယခုတစ်ကြိမ်မှာလည်း ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ အသိပေးပြောကြားရခြင်း ဖြစ်ပါတယ်။

ယခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုနေ့အခမ်းအနား ညစာစားပွဲရဲ့ ထူးခြားချက်များကို ရှေးဦးစွာပြောကြားလိုပါတယ်။ လွန်ခဲ့တဲ့ (၆၆)နှစ်၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များဟာ ပထဝီအနေအထားအရရော ယဉ်ကျေးမှုအရပါ ကွဲပြားခြားနားလွှတဲ့ ပြည်ထောင်စုကြီးတစ်ရပ် ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ဖို့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အခက်အခဲ အဟန့်အတားပေါင်းစုံ ရှိနေတဲ့ကြားထဲကနေ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ယခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားဟာ ထူးခြားမှုတွေရှိတယ်လို့ ပြောဆိုရခြင်းကတော့ ဒီအခမ်းအနားမှာ ငြိမ်းချမ်းရေးရဲ့ရောင်ခြည်သန်းလာမှုနဲ့အတူ ခိုင်မာမှုရှိလာတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်နိုင်မည့် အလားအလာများကို တွေ့မြင်လာရတဲ့အတွက်ပဲ ဖြစ်ပါတယ်။ ယခင်ကာလများက အကြောင်းအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးနဲ့ သဘောထားကွဲလွဲမှု အမျိုးမျိုးတွေကြောင့် စားပွဲတစ်ဝိုင်းတည်း အတူထိုင်ဖို့ အခြေအနေမပေးနိုင်ခဲ့ကြတဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပါတီများနဲ့ အဖွဲ့အစည်းများ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်များမှ ဥက္ကဋ္ဌများ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့်အတူ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များလည်း အတူတကွ မျက်နှာစုံညီ ထူးခြားစွာ တက်ရောက်နိုင်ခဲ့တဲ့ အခမ်းအနားလည်း ဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုနေ့ အနှစ်သာရကို ပိုမိုလေးနက်စေတဲ့ ယခုနှစ် ပြည်ထောင်စုနေ့ ညစာစားပွဲဟာ နှစ်ပေါင်းများစွာအတွင်း ထူးထူးခြားခြား ကျင်းပနိုင်ခဲ့တာဖြစ်ပြီး အဲဒီလိုကျင်းပနိုင်ဖို့အတွက်လည်း နှစ်ပေါင်းများစွာ စောင့်စားခဲ့ရပြီး ပေးဆပ်မှုတွေ အလွန်ပဲများပြားခဲ့ရပါတယ်။ အခုလို ကျင်းပနိုင်ခဲ့တဲ့အတွက် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ခေါင်းဆောင်များအကြား တစ်ဦးနှင့်တစ်ဦး နားလည်ယုံကြည်မှု ပိုမိုခိုင်မာလာစေတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့သာမက ပြည်သူလူထုတွေနဲ့ပါ ထိတွေ့ဆက်ဆံခဲ့ရတာဖြစ်လို့ ပြည်သူတွေခံစားနေရတာတွေကို ကျွန်တော့်အနေနဲ့ စာနာနားလည်နိုင်ပါတယ်။ စစ်မှန်တဲ့ငြိမ်းချမ်းရေးရဖို့အတွက် ခေါင်းဆောင်တွေ လက်ဆွဲနှုတ်ဆက်ရုံ၊ ညစာစားပွဲတွေ ကျင်းပနေရုံမျှနှင့်မလုံလောက်ဘူးဆိုတာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ ဘုရင်အား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် နော်ဝေနိုင်ငံအော်စလိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel Continental ၌ နော်ဝေနိုင်ငံမှ သံအမတ်ကြီးများနှင့် အတူတကွ နံနက်စာသုံးဆောင်ရင်း ငြိမ်းချမ်းရေး လမ်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးဦးသန့်ကျော်နှင့် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်တို့ တက်ရောက်ကြပြီး နော်ဝေနိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Ms. Katja Nordgaard၊ သံအမတ်ကြီး Ms. Mona Juul၊ သံအမတ်ကြီး Mr. Kai Eide နှင့် ဗိုလ်ချုပ်ကြီး Wlhelmsen တို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ထာဝရတည်တံ့မည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ တွေ့ကြုံနေရသည့်စိန်ခေါ်မှုများနှင့် နော်ဝေနိုင်ငံဘက်မှ ပါဝင်ကူညီပေးနိုင်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် Norway Public Broadcasting Co.မှ နိုင်ငံခြားရေးရာ သတင်းထောက် Mr. Philip Lote အား လက်ခံတွေ့ဆုံပြီး မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။ **စာမျက်နှာ ၂ ကော်လံ ၃ သို့** ❖

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံဘုရင် His Majesty King Harald တို့ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)




ကြေးမုံစာတည်းရှုထောင့် | ၁-၃-၂၀၁၃၊ သောကြာနေ့

# နိုင်ငံတိုးတက်ရေး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိတ်ကောင်းဆွေကောင်းများ ရှိဖို့လိုအပ်ပါသည်။ ငွေရေး ကြေးရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလမ်းပွင့်မှု လုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်ပမိတ်ဆွေများ လိုအပ်စမြဲဖြစ်သည်။ ထိုမိတ်ကောင်းဆွေကောင်းများ ဖြစ်ထွန်းရန်အတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆောက်လေ့ရှိသည်။

ယခုရက်ပိုင်းများအတွင်း ဥရောပ ငါးနိုင်ငံသို့သွားရောက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ တရားဝင်ခရီးစဉ်သည် နိုင်ငံများ၏အကျိုးစီးပွားများအတွက်သာမက မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဦးတည်ရည်မှန်းသော ခရီးစဉ်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝ၊ သယံဇာတကောင်းမွန်သည့်နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှတွင် အချက်အချာကျသောနိုင်ငံဖြစ်သည်။ မျက်မှောက်ကာလတွင် ကျွန်ုပ်တို့နိုင်ငံ၌ ပွင့်လင်းမြင်သာမှုနှင့် ထင်သာမြင်သာရှိမှုတို့ ဖြစ်ထွန်းလာသောအခါ နိုင်ငံအများက မျက်စိကျသည်မှာလည်း သဘာဝပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများအဖို့ နိုင်ငံအရပ်ရပ်နှင့် စီးပွားရေးချဲ့ထွင်မှုများကို အစောပိုင်းကတည်းက တည်ဆောက်ထားကြပြီးဖြစ်သည်။ ယခုနောက်ဆုံး မြီးကောင်ပေါက် စီးပွားရေးနယ်ပယ်သစ်မှာ မြန်မာနိုင်ငံဖြစ်လာပြီကို မြင်တွေ့လာပြီဖြစ်သည်။ ဒေသတွင်းနိုင်ငံများသာမက အနောက်ဘက် နိုင်ငံကြီးများကပါ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ကြမည်မှာ အမှန်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်သည် နိုင်ငံအတွက်အကျိုးများသောကောင်းမွန်သည့်ခရီးစဉ်ဖြစ်သည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်သည်။ သို့သော် ယခုရေတွင်းတူး ယခုရေကြည်သောက်၍ ရနိုင်မည်မဟုတ်သေးချေ။ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အဆင့်လိုက်အကောင်အထည်ဖော်နိုင်မှုပြုနိုင်ရန်အတွက် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။

အထူးသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားဆောင်ရွက်ရပေရာ နိုင်ငံပုံရိပ်ကောင်းမွန်ရေး၊ မိမိနိုင်ငံကို အထင်အမြင်မသေးနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးတို့ကို အလေးထားဆောင်ရွက်ကြရန်အတွက် နိုင်ငံသားအားလုံး တစ်ဦးချင်းကိုယ်စီ နားလည်သိမြင်ကြရမည်ဖြစ်သည်။

လက်ရှိတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်၊ စီးပွားဥစ္စာနေအင်အားတိုးပွားအောင် ဆောင်ရွက်ရာ၌ စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်သည်။ နိုင်ငံရေးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုဘဝမြင့်မားတိုးတက်မှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တည်ဆောက်နေရချိန်ဖြစ်သည်။

တစ်ဖက်က နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖော်ဆောင်နေချိန်တွင် တစ်ဖက်ကလည်း ပွင့်လင်းလွတ်လပ်သည့် အရပ်ဘက်လူ့အဖွဲ့အစည်းဖြစ်အောင်လည်း ဖော်ဆောင်လျက်ရှိသည်။ ထိုသို့ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများစွာတို့ကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း သတိပြုကြရမည်ဖြစ်သည်။

မိမိနိုင်ငံ၊ မိမိအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုကိုအခြေခံသည့် နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုသဟဇာတဖြစ်မှုတို့ကို အတူတည်ဆောက်သွားနိုင်မှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ကောင်းမွန်သော အကျိုးစီးပွားများကို ရရှိခံစားနိုင်မည်ဖြစ်သည်။

ခေတ်မီသည့် လူ့အဖွဲ့အစည်းတစ်ရပ်ထူထောင်ရန်နှင့် ခေတ်မီသည့် အမျိုးသားစီးပွားရေးတစ်ရပ်ပိုင်ဆိုင်နိုင်ရန်မှာ စိန်ခေါ်မှုများကို သတိပြုရသလို ချစ်ခင်စည်းလုံးမှုနှင့် ယုံကြည်မှုတို့ကိုလည်း တည်ဆောက်ရပေသည်။

ယခု မြန်မာနိုင်ငံ၏အနာဂတ်သာယာဖြောင့်ဖြူးရေးအတွက် နိုင်ငံတော်သမ္မတကြီးနှင့်တကွ ခေါင်းဆောင်များ၏ဦးဆောင်မှုဖြင့် နိုင်ငံတိုးတက်ရေး လက်တွဲပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

### ❖ နိုင်ငံတော်သမ္မတမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် နော်ဝေပါလီမန်သို့ ရောက်ရှိပြီး ပါလီမန်ဒုတိယဥက္ကဋ္ဌ Mr. Per Kristian Foss နှင့်တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နော်ဝေပါလီမန် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာမှုများအပေါ် နော်ဝေနိုင်ငံရှိ အာဏာရပါတီများနှင့် အတိုက်အခံပါတီများအားလုံးတို့က တညီတညွတ်တည်း ထောက်ခံအားပေးနေပါကြောင်းဖြင့်ပြောကြားခဲ့ပြီး ပါလီမန်၏ ရပ်တည်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့အတူ နိုင်ငံတော်သမ္မတကလည်း ဒီမိုကရေစီစနစ်သို့ ပြောင်းလဲဖော်ဆောင်နေသည့် မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီစနစ်ရင့်ကျက်ရှင်သန်နေသည့် နော်ဝေနိုင်ငံ၏ အားပေးထောက်ခံကူညီနေမှုအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာ၌ ဥပဒေပြုရေး မဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နော်ဝေပါလီမန်မှ နိုင်ငံတကာရေးရာနှင့်ကာကွယ်ရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Ms.Ine Marie Eriksen Soreide နှင့်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးရာ၌ ကော်မတီဥက္ကဋ္ဌက နော်ဝေပါလီမန်အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စိတ်ဝင်တစားဖြင့် စောင့်ကြည့်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ပြောင်းလဲတိုးတက်မှုများကိုလည်း ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်သမ္မတ၏ ဆက်လက်ဆောင်ရွက်မည့် အနာဂတ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် တွေ့ကြုံနိုင်ဖွယ်ရှိသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်မည့် အခြေအနေများကို သိရှိလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင်ပြည်သူများ၏ဆန္ဒနှင့်အညီ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို အကောင်အထည်ဖော်နိုင်ရေးအတွက် အားလုံးပါဝင်နိုင်မည့် နိုင်ငံရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနှင့် အပစ်အခတ်ရပ်စဲရေးတည်ဆောက်ပြီးနောက် ထာဝစဉ်တည်တံ့မည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေးအရ ဆက်လက်ဆွေးနွေးမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီဝင်များက မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလူနည်းစုများနှင့် သယံဇာတများခွဲဝေအသုံးပြုရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည့်အခြေအနေများကို မေးမြန်းကြရာ နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုရင့်နန်းတော်သို့ သွားရောက်ပြီး နော်ဝေနိုင်ငံဘုရင် His Majesty King Harald အား တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နော်ဝေနိုင်ငံဘုရင်က နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဘုရင့်နန်းတော်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် အော်စလိုမြို့ရှိ House of Literature သို့ သွားရောက်ပြီး နော်ဝေနိုင်ငံတွင် အခြေချနေထိုင်ကြသည့် မြန်မာတိုင်းရင်းသားမိသားစုများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အမှာစကားပြောကြားရာ၌ မြန်မာတိုင်းရင်းသားများအနေဖြင့် မည်သည့်နိုင်ငံတွင်နေထိုင်သည်ဖြစ်စေ မိမိတို့နိုင်ငံသားများအဖြစ် သတ်မှတ်ထားပါကြောင်း၊ မြန်မာတိုင်းရင်းသားများသည် အကြောင်းအမျိုးမျိုးကြောင့် အခြားနိုင်ငံများတွင် အခြေချနေထိုင်ရသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်များမှာ မိမိတို့နှင့်အတူတူပင်ဖြစ်ပါကြောင်း၊ မိမိတို့အကြားတွင် အမြင်သဘောထားမတူညီမှုများရှိနေမည်ဖြစ်သော်လည်း နိုင်ငံကိုချစ်သည့်စိတ်တူညီသည့်အပေါ်အခြေခံပြီး လက်တွဲ



ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီသဘောအရ သဘောထားအမျိုးမျိုးကွဲပြားကြမည်မှာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စသာဖြစ်သဖြင့် အချင်းချင်းငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းသွားရန်လည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာတိုင်းရင်းသားများအနေဖြင့် နိုင်ငံတည်ဆောက်ရေးတွင် တတ်နိုင်သမျှပါဝင်ကူညီပါရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် ညနေ ၅ နာရီခွဲတွင် Hotel Continental ၌ ဒီမိုကရက်တစ် မြန်မာ့အသံ (DVB)မှ လက်ထောက်ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းအား လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

## နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ကိုယ်စားလှယ်အဖွဲ့ များ သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)မှ Mr. Edin Elgsaether ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် လွှတ်တော်များ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား China Institute of International Studies (CIIS) ဒုတိယဥက္ကဋ္ဌ Mr. Ruan Zongze ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီတွင် လာရောက်တွေ့ဆုံပြီး လွှတ်တော်များ၏ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုနှင့် လွှတ်တော်များ၏ အခန်းကဏ္ဍ၊ ပြည်သူ့ကိုယ်စားလှယ်များ အခန်းကဏ္ဍများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ကြိုးပမ်းဆောင်ရွက်နေ

☆ ရွှေဖုံးမှ

ကျွန်တော့်အနေနဲ့ နားလည်လက်ခံထားပါတယ်။ သို့သော်လည်း အခုလို အစပြုတွေ့ဆုံမှုတွေကနေတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုတွေရယူပြီး ရေရှည်ခိုင်မာတဲ့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့ အခြေခံအုတ်မြစ်တွေ တည်ဆောက်ရမှာလည်း ဖြစ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ဗိုလ်ချုပ်အောင်ဆန်းရဲ့မွေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ပြည်ထောင်စုနေ့ ညစာစားပွဲကို တက်ရောက်လာကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို မျက်နှာစုံညီရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ခဲ့ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအတွက် မြန်မာပြည်သူတွေအနေနဲ့ ပေးနိုင်မယ့်အကောင်းဆုံး လက်ဆောင်တစ်ခုလို့ ပြောလို့ရတဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးရရှိနိုင်ဖို့ ခိုင်မာတဲ့ ခြေလှမ်းသစ်တစ်ခု လှမ်းနိုင်ခဲ့ပြီဆိုတဲ့ သတင်းကောင်းကိုလည်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုနေ့ ညစာစားပွဲကို တက်ရောက်ဖို့ KIO/KIAမှ ခေါင်းဆောင်များကိုလည်း ဖိတ်ခေါ်ခဲ့ပါတယ်။ သူတို့အနေနဲ့ ပြည်ထောင်စုနေ့ညစာစားပွဲကို ကျွန်တော်တို့နဲ့အတူတကွ ပျော်ပျော်ရွှင်ရွှင် ကျင်းပလိုစိတ် ပြင်းပြနေမယ်လို့ ယုံကြည်သော်လည်း ကျန်ရှိနေသေးတဲ့ အခက်အခဲအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်လာနိုင်ခြင်းမရှိကြတာကိုလည်း ကျွန်တော်တို့အနေနဲ့ နားလည်ပေးရမှာဖြစ်ပါတယ်။ သို့သော်လည်း ဖေဖော်ဝါရီလ ၄ ရက်နေ့က ပြုလုပ်ခဲ့တဲ့ ရွှေလီငြိမ်းချမ်းရေးဆွေးနွေးပွဲ ရလဒ်ကနေတစ်ဆင့် KIO/KIA နဲ့ ပြည်ထောင်စုအစိုးရတို့အကြား ယုံကြည်မှုနဲ့ နားလည်မှုတွေ ပိုမိုတိုးတက်ရရှိလာပြီး အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ဖြစ်ထွန်းလာမှာကို ကျွန်တော့်အနေနဲ့ အလေးအနက် ယုံကြည်ထားပါတယ်။ KIO/KIAရဲ့ ရွှေလီဆွေးနွေးပွဲနဲ့ ပတ်သက်တဲ့ ထုတ်ပြန်ချက်များမှာလည်း စစ်မှန်တဲ့ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများ တန်းတူရည်တူရှိမှုနဲ့ ကိုယ်ပိုင်အခွင့်အရေး၊ ရပိုင်ခွင့်စတဲ့ စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံအဖြေရှာမယ်ဆိုတဲ့ သဘောထားရပ်တည်ချက်များကို တွေ့ရတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ များစွာဝမ်းမြောက်မိပါတယ်။ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များနှင့် KIA တပ်ဖွဲ့များအကြား စစ်ကြောင်းအချင်းချင်း လမ်းမှာတွေ့ဆုံရာမှာလည်း ရင်ဆိုင်တိုက်ခိုက်မှုများ မရှိဘဲ ငြိမ်းချမ်းစွာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်လာနိုင်တာကို ဝမ်းမြောက်ဖွယ် တိုးတက်မှုအဖြစ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ လုံခြုံရေးအခြေအနေ ပိုမိုကောင်းမွန်လာတာနဲ့အမျှ ပဋိပက္ခဖြစ်ပွားရာဒေသတွေမှာ အရေးတကြီးလိုအပ်နေတဲ့ လူသားချင်း စာနာထောက်ထားမှု အကူအညီများကိုလည်း စတင်ပို့နိုင်ပြီ ဖြစ်ပါတယ်။ မကြာမီ ကာလအတွင်းမှာ KIO/KIA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ပြုလုပ်တဲ့အခါမှာ အပစ်အခတ်ရပ်စဲရေးသာမက နိုင်ငံရေးဆွေးနွေးမှုများကိုလည်း စတင်တက်လှမ်းနိုင်တော့မှာ ဖြစ်ပါတယ်လို့ ပြည်သူများကို အသိပေးပြောကြားလိုပါတယ်။ အဲဒီနိုင်ငံရေးဆွေးနွေးမှုများကနေ အမျိုးသားအဆင့် တွေ့ဆုံဆွေးနွေးပွဲအထိ တက်လှမ်းနိုင်ဖို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်ဟာ အခြားနိုင်ငံများရဲ့ သာဓကများ၊ အတွေ့အကြုံများနဲ့မတူဘဲ ထူးခြားစွာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းပေါင်း ၁၅ ဖွဲ့လောက်နဲ့ တစ်ပြိုင်တည်း ညှိနှိုင်းနေရတာဖြစ်တဲ့အတွက် စိန်ခေါ်မှုတွေဟာ ပိုမိုကြီးမားတယ်ဆိုတဲ့ အမှန်တရားကို ရိုးသားစွာ လက်ခံထားရမှာဖြစ်ပါတယ်။ အခက်အခဲတွေ စိန်ခေါ်မှုတွေရှိနေပေမယ့် ဒါတွေကို ကျော်လွှားဖို့ ပြင်းပြတဲ့ ဆန္ဒနဲ့ မှန်ကန်တဲ့ စိတ်ရင်းစေတနာတွေကသာ အဓိကဖြစ်တယ်လို့ရှုမြင်ကြောင်း အလေးအနက် ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ အဖွဲ့အစည်းမျိုးစုံအနေနဲ့ သော်လည်းကောင်း၊ ပြည်သူတစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းစဉ်များမှာ မိမိတို့ စွမ်းဆောင်နိုင်သည့် ကဏ္ဍအသီးသီးကနေ ပါဝင်ကြိုးပမ်းလုပ်ဆောင်ကြဖို့အတွက်လည်း အစီအမံများကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အားလုံးပူးပေါင်းပါဝင်နိုင်တဲ့ နိုင်ငံရေးဖြစ်စဉ်ပုံပေါ်လာစေရေးနှင့် အနာဂတ်နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ကိုယ်တတ်စွမ်းတဲ့ဘက်ကနေ ပူးပေါင်းပါဝင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ လက်ကျန်အကျဉ်းသား စိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးပြီး ဖြစ်ပါတယ်။ အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များပါဝင်တဲ့ ဒီကော်မတီဟာ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီကော်မတီအနေနဲ့ မတူညီတဲ့ နိုင်ငံရေးခံယူချက်၊ သဘောထားများကြောင့် ခေတ်စနစ်အခြေအနေအရ အကျဉ်းချခံခဲ့ရသူများကို မိသားစုအသီးသီးနဲ့ ပြန်လည်ဆုံစည်းနိုင်ဖို့ အခြားပြည်သူများတန်းတူ မိမိတို့ဘဝကို လွတ်လပ်စွာ ဖန်တီးဖော်နိုင်ဖို့နဲ့ အနာဂတ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ဖို့ အနေအထားတစ်ခု ပေါ်ပေါက်လာတော့မှာ ဖြစ်တယ်ဆိုတဲ့အကြောင်းကို မိဘပြည်သူများထံ သတင်းကောင်းပါးလိုပါတယ်။

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်လို့လည်း မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်ကစပြီး နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်နေတာကို မိဘပြည်သူများသိရှိကြပြီး ဖြစ်ပါတယ်။ မကြာခင်ကာလမှာ လက်ရှိဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို အခြေခံပြီး တိုးချဲ့ပေးနိုင်မယ့် မိုဘိုင်းလ်ဖုန်းအရေအတွက်ကို သက်သာတဲ့ဈေးနှုန်းတစ်ရပ်နဲ့ လာမည့်ဧပြီလအတွင်းမှာ ရောင်းချပေးနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုကဲ့သို့ ရေတိုအစီအစဉ်များကို ဆောင်ရွက်နေတဲ့နည်းတူ များမကြာမီကာလမှာလည်း ဆက်သွယ်ရေးကဏ္ဍကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ အစီအမံများထားရှိပြီး တစိုက်မတ်မတ် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းတွေဟာ လာမည့် တစ်နှစ်၊ နှစ်နှစ်အတွင်း အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ တစ်နိုင်ငံလုံးမှာ ဘွဲ့ရပြီးလူငယ်တွေ၊ တက္ကသိုလ်ဝင်တန်းအောင်ပြီးသော်လည်း တက္ကသိုလ် ဆက်မတက်နိုင်တဲ့ လူငယ်တွေ၊ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ခွင့်ရခဲ့တဲ့ လူငယ်တွေများစွာ ရှိနေပါတယ်။ ဒီလူငယ်တွေ မိမိတို့နိုင်ငံမှာ အလုပ်အကိုင်ရရှိရေးအတွက်၊ စက်မှုဇုန်ကြီးတွေ အလုပ်ရုံ၊ စက်ရုံစုတွေ၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေ၊ စက်မှုလယ်ယာစိုက်ခင်းကြီးတွေ များစွာလိုအပ်ပါတယ်။ ဒါကြောင့် ကိုယ့်တိုင်းပြည်အတွက် မထိခိုက်စေတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ရာမှာ မကြာမီကာလအတွင်း ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ ပြည်ပမှ ရောက်ရှိလာပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အဟန့်အတား အနှောင့်အယှက်မဖြစ်စေရန်၊ ကျွန်တော်တို့ အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ခေတ်မီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်စေဖို့ဆိုတာ ပြည်တွင်းအင်အားက အဓိကကျသလို အထူးသဖြင့် ယနေ့ကမ္ဘာကြီးမှာ ဖြစ်ပေါ်တိုးတက်နေတဲ့ အခြေအနေအရ နိုင်ငံများဟာ မိမိတစ်ဦးတည်းရပ်တည်ဖို့ မဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ခေတ်မီတဲ့ နိုင်ငံတကာ ဆက်ဆံရေး ပုံစံတစ်ရပ်ကို ပုံဖော်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်နိုင်ရေး ပြည်သူများရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းရေး၊ ကြွေးမြီကိစ္စများ အပြီးသတ် ရှင်းလင်းနိုင်ရေးစတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ လိုအပ်တဲ့ အကူအညီများ ရရှိနိုင်ဖို့ ဥရောပနိုင်ငံများကို သွားရောက်နေတာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော့်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များရဲ့ စိတ်ရင်းစေတနာနှင့် လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကာလအတွင်းရရှိခဲ့တဲ့ ယုံကြည်မှုတည်ဆောက်နိုင်ခြင်းဆိုတဲ့ ခိုင်မာမှုတွေနဲ့ မိမိတို့ အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ စီးပွားရေး၊ လူမှုရေး အင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်း အမျိုးမျိုး၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပြင်းပြတဲ့ ဆန္ဒတွေပေါင်းစပ်ပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်တယ်လို့ အခိုင်အမာယုံကြည်တဲ့အတွက် အတူလက်တွဲ လုပ်ဆောင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြုပြင်ပြောင်းလဲမှုများကို ဝိုင်းဝန်းလုပ်ဆောင်ကြရာမှာလည်း ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်လာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ လူမှုနိုင်ငံရေးဘဝများဟာလည်း ကိန်းသေသဘောမျိုးမဟုတ်ဘဲ ကိန်းရှင်သဘောမျိုး လိုက်ပါ ပြောင်းလဲသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အပြောင်းအလဲများကို လျင်လျင်မြန်မြန် သွက်သွက်လက်လက် Dynamic ဖြစ်အောင်လုပ်ဆောင်ရမှာဖြစ်ပြီး ပြောင်းလဲမှုတွေနဲ့ လိုက်လျော်ညီထွေစွာ လိုက်ပါပြောင်းလဲဖို့လိုသလို ပြည်သူတစ်ဦးချင်းစီကလည်း အချင်းချင်း စိတ်ရှည်သည်းခံမှု၊ နားလည်ခွင့်လွှတ်မှု၊ စာနာထောက်ထားမှုတွေနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်မှုဆိုတဲ့ စွမ်းရည်များလည်း လိုအပ်မှာဖြစ်ပါတယ်လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**မိဘပြည်သူများ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁-၃-၂၀၁၃ (သောကြာနေ့)**

၇း၀၀ ပရိတ်တရားတော်
၇း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ Road to 27th SEA Games (မြားပစ်)
၈း၂၅ "တိုင်းရင်းသားများ တွဲလက်ညီဖွံ့ဖြိုးစေမည့် အသားကဏ္ဍမွေးမြူရေးဇုန်ရှမ်းရိုးမ"
၉း၀၅ တေးဂီတအစီအစဉ်
၉း၂၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၉း၂၅ နှောင်းခေတ်တေးပဒေသာ
၉း၃၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅း၁၅ မြန်မာစာ၊ မြန်မာစကား
၅း၃၅ အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၄၇)
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ "ချစ်သောဤကမ္ဘာမြေ "
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ " (ဒုတိယတွဲ) (အပိုင်း - ၁၇)
၈း၀၀ ပြည်တွင်းသတင်း
-ပြည်သူတို့ရဲ့စကားသံများ
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ
-ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ တစ်နေ့တာမှတ်တမ်း
-"စွမ်းအားဖြစ်တည်မြန်မာပြည်" [SEMs (ACE) Workshop]
-"ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ"
"မျှဝေခံစားအမှတ်တရ ဂီတမှတ်တိုင်များ" (မာမာအေး)
-"ကျိန်းသေ----လန်းပြီ" (ကျော်ဇေယျ၊ ရဲမင်းသူ၊ ငှက်ပျောကြော်၊ ဆင်မ၊ ညီဝဏ္ဏ၊ သဒ္ဒါထက်၊ အိမ့်ကြာဖြူ) (ဒါရိုက်တာ-ဝဏ္ဏကျော်)







# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား ယနေ့ ညနေ ၄ နာရီတွင် အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးညွှန့်တင်၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ဝိုင်းကြည်နှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# တက္ကသိုလ်ဝင်စာမေးပွဲ အကြိုကာလနှင့် ဖြေဆိုချိန်ကာလများအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲ အကြိုကာလနှင့် ဖြေဆိုချိန်ကာလများအတွင်း ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူစွာ စာပေလေ့ကျင့်ကျက်မှတ်နိုင်ရေး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သဘာဝဓာတ်ငွေ့တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ (စလေ)၊ ကျောက်ဆည်ဆင်မင်း(၁)နှင့် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ၊ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)၊ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ချောက်နှင့်ကျောက်ဆည်ဒေသများမှ စက်ရုံငယ် ရှစ်ရုံ၊ ကြံခင်းဘိလပ်မြေစက်ရုံ၊ သရက်ဘိလပ်မြေစက်ရုံနှင့် ကျောက်ဆွယ်ကျိုးသံမဏိစက်ရုံများသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုခေတ္တရပ်ဆိုင်းပြီး ကုန်းတွင်းသဘာဝဓာတ်ငွေ့ ကုဗပေ ၁၀ သန်းနှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၃၀ ကို ဖြန့်ဖြူးပေးထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# AFC Challenge Cup ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အာရှဘောလုံးအဖွဲ့ချုပ် ( AFC ) နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် AFC Challenge Cup ခြေစစ်ပွဲအုပ်စု (က) ပွဲစဉ်များအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲနှင့် မန်နေဂျာများညှိနှိုင်းအစည်းအဝေးကို မတ် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဟိုတယ်ရန်ကုန်၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပြန်ကြားရေးဌာနသို့ အဆိုပါ ပြိုင်ပွဲအတွက် မီဒီယာဝင်ခွင့်ကတ် လာရောက် လျှောက်ထားပြီးသော မီဒီယာများကိုလည်း ယင်းသတင်းစာရှင်းလင်းပွဲတွင် ကတ်ပြားများ ထုတ်ပေးသွားမည် ဖြစ်သည်။ AFC Challenge Cup ခြေစစ်ပွဲ အုပ်စု(က) ပြိုင်ပွဲဝင် အသင်းများဖြစ်သည့် အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ ဂူအမ် လက်ရွေးစင် အသင်းများသည် ရန်ကုန်မြို့သို့ ရောက်ရှိနေကြပြီး ဟိုတယ်ရန်ကုန်တွင် တည်းခိုနေထိုင်လျက်ရှိကာ မြန်မာ့လက်ရွေးစင်အသင်းမှာ Goal ဟိုတယ်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။ ပြိုင်ပွဲကွင်းဝင်ကြေးများကို ရိုးရိုးတန်း ကျပ် ၅၀၀ နှင့် အထူးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ပွဲကြည့်ပရိသတ်များအတွက် ၃၂ လက်မ တီဗွီနှင့် Samsung Galaxy S-3 ဟမ်းဆက်များ၊ မြန်မာအသင်း ဂျာစီများနှင့် အခြားဆုမဲများကို ကံစမ်းမဲ နေ့စဉ်ဖွင့်ဖောက်ပေးသွားမည်ဖြစ်သည်။ **(၁၀၇)**

# သတ္တုနှင့် သယံဇာတရေးရာကော်မတီဥက္ကဋ္ဌအား အမေရိကန် အပြည်ပြည်ဆိုင်ရာစွမ်းအင် အထူးသံတမန်နှင့် ညှိနှိုင်းရေးမှူး လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းအား အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာစွမ်းအင် အထူးသံတမန်နှင့် ညှိနှိုင်းရေးမှူး သံအမတ်ကြီး H.E.Mr. Carlos Pascual ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီ အဆောင်အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ကော်မတီကို ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထား၍ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ပံ့ပိုးဆောင်ရွက်နေမှုများ၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား စွမ်းအင်နှင့် သတ္တုသယံဇာတကဏ္ဍများတွင် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ဒီပဲယင်းမြို့နယ် ကျခတ်ကျေးရွာ လယ်ကွင်းအတွင်း ဗုံးတစ်လုံးပေါက်ကွဲ

**ဒီပဲယင်း ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကျခတ်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ကျခတ်ကျေးရွာ တောင်ဘက် ကိုက် ၁၀၀ ခန့်၊ ကျခတ်ကျေးရွာ ဦးပုဒ်ကုန်း ဘုန်းတော်ကြီးကျောင်းနှင့် ပေ ၁၀၀ ခန့်အကွာ ဦးခွေးညို၏ လယ်ကွင်းအတွင်း၌ ဗုံးတစ်လုံး အလိုအလျောက် ပေါက်ကွဲခဲ့ကြောင်း သိရသည်။

မြို့နယ်တာဝန်ရှိသူတို့က ပေါက်ကွဲမှုဖြစ်ပွားသော ဦးခွေးညို၏ လယ်ကွင်းသို့ သွားရောက်ကြည့်ရှုရာ အနက် နှစ်ပေခန့်နှင့် အကျယ် နှစ်ပေခန့်ပတ်လည် ကျင်းတစ်ခု ဖြစ်သွားကြောင်း၊ အခင်းဖြစ်နေရာ အနီးမှ အလျား ခြောက်လက်မ၊ အနံ နှစ်လက်မခန့်ရှိ ဗုံးခွံစတစ်ခု၊ အလျား ခြောက်လက်မ၊ အနံ လေးလက်မခန့်ရှိ ဗုံးခွံစတစ်ခု၊ အလျားသုံးလက်မ၊ အနံ နှစ်လက်မခန့်ရှိ ဗုံးခွံစတစ်ခု စုစုပေါင်း ဗုံးခွံစ သုံးခုတွေ့ရှိခဲ့ပြီး **(အောက်ဝဲပုံ)** ဗုံးခွံစများသည် သံချေးများ တက်နေသောကြောင့် မပေါက်ကွဲသေးသော စစ်ကျန်ဗုံးဟောင်းတစ်လုံးဟု ယူဆရသည်။ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ ဒေသခံ ကျခတ်ရွာသားတစ်ဦးက "ရှူးရှူး၊ အုန်းဒိုင်းဆိုတဲ့ အသံကြီး မြည်ပြီး ရွာထဲက မြေကြီးတွေပါ တုန်လှုပ်သွားပါတယ်၊ ဒေသခံတစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပါဘူး"ဟု ပြောပြသည်။ အခင်းဖြစ်ပွားသောနေရာသို့ မုံရွာမြို့ မဆရ(၇)မှ နယ်မြေခံတပ်ကြပ်ကြီး ဦးသက်ဇော်နှင့်အတူ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ခုတင်(၃၀၀)ဆံ့ ဆေးရုံမှ ဒုအရာခံ ဗိုလ်စန်းသူတို့က ပေါက်ကွဲခဲ့သော ဗုံးခွံစများကို မုံရွာမြို့သို့ ယူဆောင်သွားကာ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ဥတုရာသီ တောကိုမှီ၍



BELLAY
Photo Studio & Wedding Dress
Wedding ... Crystal Album ...

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

မှန်ပြောင်းဖြင့် အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်

Laparoscopic Gastrointestinal Surgery



အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် သည်းခြေအိတ်ဆိုင်ရာ ရောဂါများအား မှန်ပြောင်းဖြင့်ခွဲစိတ်ကုသခြင်းတို့ကို

မြန်မာနိုင်ငံ နှင့် မလေးရှားနိုင်ငံမှ အထူးကုဆရာဝန်ကြီး တို့ပူးပေါင်း၍ မတ်လ ၄ ရက်မှ ၆ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်

လာရောက်ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉၊ (၀၁) ၂၄၃၀၁၀ /မန္တလေး (၀၉) ၄၃၂၀၇၇၈၁

ပြည်တွင်းရေးရာ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
## အမေရိကန်ကုန်သည်ကြီးများအသင်းမှ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ကုန်သည်ကြီးများအသင်းမှ အာရှရေးရာ ဒုတိယဥက္ကဋ္ဌ Ms. Tami Overby ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အမေရိကန်နှစ်နိုင်ငံလွှတ်တော်နှင့် အစိုးရများအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ္ဍာရေးလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးသူရိန်ဇော်၊ ဦးတီခွန်မြတ်နှင့် ဦးငွေးမြင့်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဒေါက်တာစိုးရင်နှင့် ဦးမောင်တိုး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား
## နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအဖွဲ့၏ ညွှန်ကြားရေးမှူး လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား Hanns Seidel Foundation (HSF)မှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအဖွဲ့၏ ညွှန်ကြားရေးမှူး Mr. Christian Hegemer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင်(I-1) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လွှတ်တော်နှင့် Hanns Seidel Foundation (HSF) နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားအကူအညီပေးရေးဆိုင်ရာတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။**(ဝဲပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းသိမ်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

**ကြေညာချက်အမှတ်(၅/၂၀၁၃)**

**၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**
**(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

**အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက် ၃၇ လမ်း(အောက်)၊ (၅)လွှာ၊ အမှတ် (၁၀၄)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ**အား ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ နေ့ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၆၂) ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၃-၂၀၁၃ (သောကြာနေ့)

| | |
|---|---|
| ၇း၀၃ | တရားတော် |
| ၇း၃၅ | မြန်မာသံစဉ် ချိုနားဝင် |
| ၇း၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၈း၁၀ | ဇာတ်လမ်းတို |
| ၄း၂၀ | မြန်မာစာမြန်မာစကား (အပိုင်း-၁၀) |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၅း၁၀ | လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၁၅ | "ရွှာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း - ၁၈၈) -ရှင်းရခက်ကြီး (အပိုင်း-၂) (ဇာတ်သိမ်း) (ချစ်ဖွယ်၊ နိုင်ဝင်း၊ သူရဇ္ဇ၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ - မိုးဇော်ကို) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန် (အပိုင်း - ၉) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -သံစဉ်များနှင့်ကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆွဲအားပြင်းတဲ့ချစ်ခြင်း" (အပိုင်း-၁၄) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ"(အပိုင်း - ၇၂) |










# ပြုပြင်ပြောင်းလဲရေး တတိယအဆင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေး

မောင်မောင်တင်

နိုင်ငံရေးပြုပြင်ပြောင်းလဲတာတွေကိုတော့ မြင်တွေ့လာရတယ်။ ဒါပေမယ့် အပြောင်းအလဲတွေရဲ့ အကျိုးကိုတော့ တိုက်ရိုက်မခံစားရသေးဘူး ဟူသောစကားမှာ ပြည်သူလူထုကြားတွင် ကြားနေရသော စကားဖြစ်သည်။ အစိုးရ၏ ဝန်ဆောင်မှုလုပ်ငန်းများကို လူထုကအားမရသည်ကတော့ အရင်အတိုင်းပင်ဟု ထိုစကားကို နားလည်နိုင်ပါသည်။ သမ္မတကလည်း အလားတူပင် နားလည်ဟန်ရှိသည်။ နိုင်ငံရေးကို ဖွင့်လိုက်ပြီး လူမှုစီးပွားပြုပြင်ပြောင်းလဲရေးမူဘောင်ကို ချမှတ်ပြီးသောအခါ လက်တွေ့အကောင်အထည်ဖော်ရမည့်ကာလသို့ ရောက်လာပေသည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်သည် အစိုးရ၏ အုပ်ချုပ်စီမံခန့်ခွဲပုံ ပြုပြင်ပြောင်းလဲရေးနှစ်အဖြစ် သမ္မတက လမ်းညွှန်မူဝါဒချမှတ်ထားသည်ကို တွေ့ရသည်။ ယင်းမူဝါဒနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေးကို ပြည်သူလူထု ဗဟိုပြုလာသည်အထိ ဆန္ဒခံယူ၊ ဆန်းစစ်သုံးသပ်၊ အကဲဖြတ်လျက် ယင်းလုပ်ငန်းများကို တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲသွားရန် စီစဉ်လျက်ရှိသည်။

ဝန်ဆောင်မှုသည် ဝန်ထုပ်ဝန်ပိုး မဖြစ်ထိုက်။ ပွင့်လင်းမြင်သာပြီး အစိုးရကောင်းဖြစ်ရေးကို သမ္မတကရော လူထုကပါ တောင်းဆိုလာသော ခေတ်ကာလတွင် အများပြည်သူအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နေကြသော အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများ၊ လုပ်ပုံကိုင်ပုံများက လိုက်လျောညီထွေ ဖြစ်ပါ၏လော။ အဆင်ပြေချောမွေ့ပါ၏လော။ ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဖို့ဆိုလျှင် ပြည်သူလူထုအသံများသည် ပြုပြင်ပြောင်းလဲရေး၏ ဗဟိုချက်မဖြစ်ရပါမည်။ အောက်ခြေမှ အသံများကို အလေးအနက်ထားကြရပါမည်။

ပြည်သူလူထုဟု ယေဘုယျရည်ညွှန်းဆိုလိုက်ရသော်လည်း ဌာနအဖွဲ့အစည်းသဘောအရပြောလျှင် ပြည်သူဆိုသည်မှာ မိမိ၏ ဝန်ဆောင်မှုကို ယူနေသောသူများသာဖြစ်သည်။ သူတို့၏ အသံများကို နားထောင်ကြရပါမည်။ ကုန်သွယ်ရေး၊ အကောက်ခွန်ဌာနများအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၏အသံသည် ဌာနများ၏ ပြုပြင်ပြောင်းလဲရေးအတွက် အခရာဖြစ်သည်။ ဗဟိုဘဏ်ကစ၍ ဘဏ်လုပ်ငန်းတစ်ရပ်လုံးအတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ ကုန်သည်များ၊ ဘဏ်ကိုအသုံးပြုနေကြရသူများ၏ အသံသည် သော့ချက်ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ခရီးသွားလုပ်ငန်းဌာနများအတွက် နိုင်ငံခြားသားများ၊ ပြည်ပခရီးသွားနိုင်ငံသားများ၏ အသံသည် အရေးကြီးသည်။

ယခင်နှင့် ယခု ချဉ်းကပ်ပုံကွာခြားချက် အကြီးအကျယ်ရှိပါသည်။ ယခင်က အထက်အသံက အဓိကဖြစ်သည်။ ထိုအခါ အထက်ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုဖြစ်လာ၏။ ဖွံ့ဖြိုးတိုးတက်မှုစဉ်းစားပုံဗဟိုမှာ အထက်ဖြစ်သည်။ ပြည်သူမဟုတ်၊ အထက်၏စိတ်ဆန္ဒက အဓိကဖြစ်သည်။ ထိုအထက်အစဉ်တစ်လျှောက်တွင် အဆင့်ဆင့်သော ဗျူရိုကရေစီအရာရှိများ၊ ဝန်ထမ်းများ ပါသွားကြကုန်၏။ ဤသို့ဖြင့် စိတ်အထာကျကြကုန်သည်။ လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုတွင်ကား မိမိဝန်ဆောင်မှုအတွက် မိမိစားပွဲရှေ့လာရပ်သော ပြည်သူတစ်ယောက်က အဓိကဖြစ်လာသည်။ အောက်အသံနှင့် ဘေးတိုက်အသံများက အဓိကဖြစ်လာပါသည်။ အထက်သည် ထိုသံစဉ်ကြည်မြပီသရေးကို ဆောင်ရွက်ပေးရသောအခန်းကဏ္ဍဖြစ်သွားပါသည်။

သို့သော် အုပ်ချုပ်စီမံပုံ ပြုပြင်ပြောင်းလဲရေးတို့မည်သည်ကား အပြောထက် အလုပ်ခက်လှပါသည်။ အလုပ်လုပ်ပြီ ဆိုသောအခါ အရေးကြီးတာနှင့် ဖြစ်နိုင်တာကို ချင့်ချိန်ပြီး ဦးစားပေးသတ်မှတ်ရသည်။ မြန်မြန်အကျိုးကျေးဇူးရှိမည့် လုပ်ငန်းကဏ္ဍကို ဖော်ထုတ်ရသည်။ တည်ဆဲဝန်ထုပ်ဝန်ပိုးဖြစ်နေသော မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေ၊ ဥပဒေတို့ကို ဖယ်ရှားကြရသည်။ စီးပွားရေးတွက်ခြေကိုက်အောင် ကြည့်ရသည်။ အကျိုးရလဒ်နှင့်ချိန်ရသည်။ လိုအပ်သလို ပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးအကြံဉာဏ်ယူရပါသည်။ အားလုံးမှာ ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ရေး၊ တာဝန်ခံနိုင်ရေး၊ တာဝန်ယူနိုင်ရေး၊ လက်အောက်သို့ တာဝန်ခွဲဝေဆောင်ရွက်စေရေးနှင့် စွမ်းဆောင်ရည် ထိရောက်ထက်မြက်မှုရှိရေးတို့ကို ဦးတည်ပြီး လက်ရှိဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ် အကဲဖြတ်ကြရပါသည်။ အစိုးရဌာနများ၏ ဖွဲ့စည်းတည်ဆောက်ပုံကို ပြင်ဆင်တန်က ပြင်ဆင်ကြရပါသည်။ အီလက်ထရွန်နစ်နည်းပညာများ ရယူကြရပါမည်။ ကွန်ပျူတာအပါအဝင် စက်ကိရိယာများ ထူထောင်ကြရပါမည်။ ချုပ်သော် ပြင်သင့်တာအကုန်ပြင်။ ဘာကြောင့် ယင်းတို့ကို လုပ်ရသနည်း။ လုပ်ငန်းအဆင့်တွေကို လျှော့ချဖို့ဖြစ်ပါသည်။ ကြာတတ်တာတွေ မကြာစေဖို့၊ ကြာတွေလျှုကာ ဆုတောင်းပါသည်ဆိုသော အဖြစ်များ နည်းသွားဖို့ဖြစ်ပါသည်။ မလိုအပ်ဘဲ အကုန်အကျတွေ မများကြရအောင်ဖြစ်ပါသည်။

ပြောခဲ့သော ရည်မှန်းချက်များ ပေါက်ရန်ခက်ပါသည်။ ခက်သော်လည်း လှမ်းတော့လှမ်းကြရပါမည်။ ထိုခြေလှမ်းများ၏ ပထမခြေလှမ်းကတော့ မိမိ ဝန်ဆောင်မှုပေးနေသူများ၏ အသံကိုနားထောင်ခြင်းဖြစ်ပါသည်။ ထိုအသံများကို ဗဟိုထားပြီး အချိန်ကုန်၊ ငွေကုန် လူစားအလုပ်စားသော လုပ်ပုံကိုင်ပုံ အကျင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆောက်ဖွဲ့စည်းထားပုံများ၊ ဆက်ဆံရေးပုံစံများကို ဝိုင်းဝန်းပြောင်းကြရပါမည်။ လွယ်နေတာကို ခက်အောင်လုပ်တတ်ကြတဲ့ လောကကြီးဖြစ်ခဲ့တာကို လွယ်နေတာကို လွယ်အောင်လုပ်တတ်တဲ့ လောကကြီးဖြစ်အောင် ဆောင်ရွက်ကြဖို့ပဲ ဖြစ်ပါတော့သည်။ ရိုးရိုးရှင်းရှင်းလေး စတွေး စလုပ်လိုက်ကြပါစို့ ခင်ဗျား။ ။

## ပြည်သူသို့ အကြံပြုချက်တောင်းခံခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်သူတို့၏ ဝန်ဆောင်မှုလုပ်ငန်းများအား သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးနှင့် ပြည်သူဗဟိုပြု ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ပြီး မြန်ဆန်သွက်လက်သည့် အုပ်ချုပ်ရေးယန္တရားဖြင့် လူမှုစီးပွားရေး သိသိသာသာ တိုးတက်စေရေးတို့အတွက် "ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့" ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၃ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါအဖွဲ့သည် လက်တွေ့ကွင်းဆင်းလေ့လာအကဲဖြတ်ချက်များကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အကြံပြုချက်များရှိပါက အောက်ပါအဖွဲ့ဝင်များထံ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

| | | | |
|---|---|---|---|
| ရန်ကုန် | - | ဦးဇော်ဦး | ဖုန်း- ၀၉-၄၂၅၂၈၈၈၉ -E.mail:mdri.cesd@gmail.com |
| | - | ဦးကျော် | ဖုန်း- ၀၁-၃၈၁၇၈၇ |
| | - | ဦးတင်မောင်သန်း | ဖုန်း- ၀၁-၆၅၄၇၇၀ |
| နေပြည်တော် | - | ဦးဇော်သန်းသင်း ညွှန်ကြားရေးမှူးချုပ် အစိုးရအဖွဲ့ရုံး | ဖုန်း- ၀၆၇- ၄၀၉၁၄၅ |



# BCIM Car Rally 2013 ကားမောင်းပြိုင်ပွဲ ကလေးမြို့တွင် ညအိပ်ရပ်နား

**ကလေး ဖေဖော်ဝါရီ ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပပြုလုပ်သော (၁၁)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် BCIM Car Rally 2013 လေးနိုင်ငံခရီးကြမ်းကားမောင်းပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ စတင်ထွက်ခွာခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၊ အိန္ဒိယနိုင်ငံ မိုးရေးမြို့များကို ဖြတ်သန်းလာပြီး ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီ မိနစ် ၂၀ တွင် ကလေးမြို့ မြို့အဝင် ဆိုင်းဘုတ်ကြိုဆိုရေး မုခ်ဦးသို့ ချောမောစွာရောက်ရှိလာကြသည်။

ဆက်လက်၍ ညပိုင်းတွင် မြန်မာနိုင်ငံမှ ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများက ကားမောင်းပြိုင်ပွဲဝင် အားကစားသမားများအား မြို့တော်ခန်းမ၌ ညစာဖြင့်တည်ခင်းဧည့်ခံစဉ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ငွေက လေးနိုင်ငံ ခရီးကြမ်းကားမောင်းပြိုင်ပွဲဝင်နိုင်ငံအလိုက် ခေါင်းဆောင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး မြန်မာ့ရိုးရာအက၊ မြန်မာသံစဉ်သီချင်းနှင့် ချင်းတိုင်းရင်းသားရိုးရာအကအလှများဖြင့် ပျော်ရွှင်စွာ ဧည့်ခံဖျော်ဖြေကြကာ ကလေးမြို့တွင် တစ်ညတာညအိပ်ရပ်နားကြသည်။

ဆက်လက်ပြီး ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက Flag Off အလံဝှေ့ယမ်းပြီး ကြိုဆိုရေးမုခ်ဦးမှ ပြိုင်ကားများ ပြန်ထွက်ကြကာ ပြည်သူများကလည်း လေးနိုင်ငံအလံများ ဝှေ့ယမ်းလျက် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်း ကားမောင်းပြိုင်ပွဲခရီးစဉ်သည် ပြိုင်ပွဲဝင်ကားမောင်းရက် ၁၂ ရက်ကြာမြင့်မည်ဖြစ်ပြီး ကီလိုမီတာ သုံးထောင်ခရီးရှိကြောင်း၊ မြန်မာနိုင်ငံ တမူး၊ ကလေး၊ မုံရွာ၊ မန္တလေး၊ လားရှိုး၊ မူဆယ်မြို့များကို ဖြတ်သန်းသွားမည်ဖြစ်ပြီး မတ် ၅ ရက်တွင် တရုတ်နိုင်ငံ ကူမင်းမြို့၌ ခရီးဆုံးပန်းဝင်မည်ဖြစ်သည်။

အဆိုပါကားမောင်းပြိုင်ပွဲတွင် ကားစီးရေ ၁၉ စီး၊ ပြိုင်ပွဲဝင် အားကစားသမားပေါင်း ၇၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံမှ ၁၇ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၁၃ ဦး၊ အိန္ဒိယနိုင်ငံမှ ၃၀၊ တရုတ်နိုင်ငံမှ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် အားကစားသမားများထဲတွင် Model နှင့် ရုပ်ရှင်ဗီဒီယို သရုပ်ဆောင် အေးမြတ်သူ၊ ကောင်းခန့်၊ ထက်ထက်စုလှိုင်တို့လည်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ဂျူနိုင်း)**

ဂန္ဓဝင်ရွှေပုံ Travels & Tours
Exploring to the edge of the globe.

| | | | |
|---|---|---|---|
| ဗန်ကောက် (၆ သိန်း) / ဖူးခက် | ၉ သိန်း | ဒူဘိုင်း (၁၉ သိန်း) / ရုရှား (ဗော်စကို) | ၃၅ သိန်း |
| ဗန်ကောက် + စင်္ကာပူ + မလေးရှား | ၁၃ သိန်း | ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး) | ၁၇ သိန်း |
| စင်္ကာပူ + မလေးရှား (၇ ညအိပ် – ၈ ရက်) | ၁၁ သိန်း | ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ) | ၂၅ သိန်း |
| ပီနန် + လန်ကာဝီ + Genting Highlands + KUL | ၁၁.၅ သိန်း | ဩစတြေးလျ (ဆစ်ဒနီ၊မဲလ်ဘုန်း၊ဂိုးလ်ကို့စ်၊ဘရစ်စဘိန်း) | ၃၅ သိန်း |
| ဘာလီ (၁၀ သိန်း) / ဆက်၍ စင်ကာပူ+မလေးရှား | ၁၅ သိန်း | ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ....) | ၃၉ သိန်း |
| ကမ္ဘောဒီးယား (၆.၈ သိန်း) / ဆက်၍ ဗီယက်နမ် | ၁၁.၅ သိန်း | နော်ဝေး၊ ဆွီဒင်၊ ဖင်လန်၊ ဒိန်းမတ်၊ (Cruise) | ၄၀ သိန်း |
| သီရိလင်္ကာ (၁၁ သိန်း) / တိဗက် | ၁၄ သိန်း | အင်္ဂလန်၊ စကော့တလန် (ဂလပ်စကို) | ၄၀ သိန်း |
| ဟောင်ကောင် + ကွမ်ကျိုး + မကာအို | ၁၄ သိန်း | အမေရိကန် (LA + ဆန်ဖရန်စစ္စကို + လာ့စ်ဗေးဂတ်စ် + | |
| ပီကင်း + ရှန်ဟိုင်း (၁၄.၅ သိန်း) / ဆက်၍ ဇီအမ် | ၁၆ သိန်း | နယူးယောက် + ဝါရှင်တန် + နိုင်ဂရာ Fall + ဟာဝိုင်ရီ) | ၆၀ သိန်း |
| မွန်ဂိုလီယာ (၇ညအိပ်–၈ရက်) ၇.၅ သိန်း / ဟိုတယ် တည်း–စား | ၁၂ သိန်း | တောင်အာဖရိက (ကိပ်တောင်း၊ဂျိုဟန်နက်စဘတ်) | ၄၃ သိန်း |

သကြိန်တွင်း အမေရိကန်၊ အင်္ဂလန် နိုင်ငံများမှာ ဗီဇာပြင်ဆင်ချိန်လိုအပ်ပါသဖြင့် ယခုပင်စာရင်းပေးသွင်းပါရန်
ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

No.67, Baho Rd, Sanchaung, Ph: 519292, 519293, 519360, 500191, 510281
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၃-၂၀၁၃ (သောကြာနေ့)

| | |
|---|---|
| ၅း၄၀ | "ငြိမ်ငြိမ်လေးနဲ့ ငြိမ်းအောင်ကျင့်" တရားတော် (ဆရာတော် အရှင်တိက္ခသာရ) (သီတဂူ) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၂၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၅း၁၀ | Minute to Win It |
| ၈း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၃၅) |
| ၉း၄၀ | Movie Talk |

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း နောက်ဆက်တွဲပါပြင်ဆင်ချက်များ ဆွေးနွေးအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၇) ခုဖြင့် ကျင်းပသည်။**



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ တွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကတိသစ္စာပြုကြစဉ်။** (သတင်းစဉ်)

အစည်းအဝေးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ပုဂ္ဂိုလ်များက နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်းနှင့် နောက်ဆက်တွဲ ၂(က)ပါ စီမံကိန်းအကြောင်း အရာ ပြင်ဆင်ချက်များနှင့် စပ်လျဉ်း ပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော် ၏ အဆုံးအဖြတ်ကို ရယူအတည်ပြု သည်။

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန (၃၉၄) ကျောင်းနှင့် အမှတ်(၃)အခြေခံပညာ ဦးစီးဌာန(၁၁၁) ကျောင်းများအတွက် ဥပမိရုပ်မကောင်းသည့် ကျောင်း ဆောင်များဖျက်သိမ်း၍ ဆောက်လုပ ခြင်းတွင် တစ်ထပ်အုတ်ညှပ်အဆောက် အအုံအဖြစ် ဆောက်လုပ်မည့်အစား ဒေသတွင်း အလွယ်တကူရရှိနိုင်သည့် ပစ္စည်းများဖြစ်သော တိုင်၊ အကာ၊ သွပ်မိုး၊ အုတ်ခင်းသုံး၍ ဥပမိရုပ် ကောင်းသော ကျောင်းများဆောက် လုပ်ခြင်းအားဖြင့် ပိုလာမည့်ငွေများ ကို အခြားဥပမိရုပ်မကောင်းသော ကျောင်းအရေအတွက် ပိုမိုများစွာ ပြုပြင်ပေးရန် သဘောတူခဲ့သည်။ ပညာရေးဝန်ကြီးဌာန အခြေခံ ပညာဦးစီးဌာန ဖြည့်စွက်လုပ်ငန်းတွင် ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာ တွဲဖက်ကျောင်းဆောင်သစ် တည်ဆောက် ရန် ထည့်သွင်းပေးခဲ့သည်။

အားကစားဝန်ကြီးဌာန အားကစား နှင့်ကာယပညာဦးစီးဌာန ဖြည့်စွက် လုပ်ငန်းများဖြစ်သော ဝဏ္ဏသိဒ္ဓိ Sports complex တည်ဆောက် ခြင်းလုပ်ငန်း တန်ဖိုးငွေကျပ် (၆၁၅၀ ဒသမ ၉၅၅) သန်းအား ကျပ် (၃၄၂) သန်း လျှော့ချ၍ လည်းကောင်း၊ ဇေယျာသီရိအဆင့်မြင့် အားကစား ကွင်း တန်ဖိုးငွေကျပ် (၈၉၄၁ ဒသမ ၀၇၇) သန်းအား ကျပ်သန်း(၆၀၀) လျှော့ချ၍လည်းကောင်း၊ ပေါင်းလောင်း အားကစားကွင်း ပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းအတွက် တန်ဖိုး ငွေကျပ်သန်း (၂၅၀) အား ကျပ်သန်း ၅၀ လျှော့ချ၍ လည်းကောင်း၊ အားကစားသိပ္ပံ(မန္တလေး) အဆင့်မြှင့် တင်ခြင်းလုပ်ငန်း တန်ဖိုးငွေကျပ် (၃၁၁၂ ဒသမ ၈၁၆) သန်းမှ စီမံကိန်း တန်ဖိုးကျပ်(၁၃၁၈ ဒသမ ၆၁၀)ကို လျှော့ချ၍လည်းကောင်း၊ အားကစား သိပ္ပံ (ရန်ကုန်) အဆင့်မြှင့်တင်ခြင်း လုပ်ငန်း တန်ဖိုးငွေကျပ် (၅၃၄၀ ဒသမ ၄၄၅) သန်းမှ စီမံကိန်းတန်ဖိုး ကျပ် (၁၅၁၆ ဒသမ ၃၁၆)သန်းကို လျှော့ချ၍လည်းကောင်း ခွင့်ပြုခဲ့ သည်။

ထို့အပြင် ရန်ကုန်မြို့ အောင်ဆန်း အားကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း တန်ဖိုးငွေကျပ် (၅၃၄)သန်း အားကျပ် (၁၃၄)သန်း လျှော့ချ၍ လည်းကောင်း၊ စက်ကိရိယာပစ္စည်း များဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်း တန်ဖိုးငွေကျပ် (၁၀) သန်း အားလျှော့ချ၍လည်းကောင်း ခွင့်ပြု ခဲ့ပြီး အားကစားဝန်ကြီးဌာန စီမံကိန်း လုပ်ငန်းများ၏ ဖြတ်တောက်ငွေများမှ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)နှင့် (တောင်ကြီး)တို့အား ကျပ်သန်း (၁၅၀၀) စီ ဖြည့်စွက် သတ်မှတ်ပေးခဲ့သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန နေပြည်တော်တပ်ကုန်းတွင် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ တစ်လုံးဆောက်လုပ်ခြင်း ကျပ်သန်း (၁၅၀) အား ကျပ်သန်း(၆၀)ခွင့်ပြုပြီး ကျန်ကျပ်သန်း (၉၀) ကို မဂ်လာဒုံ၊ ပေါင်းကူးမျိုးနွား သိုလှောင် ဆောက်လုပ်ရေးတွင် အသုံးပြုရန် ခွင့်ပြုခဲ့သည်။ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန လုပ်ငန်းသစ်များ၊ ဆောက်လုပ်ရေး လုပ်ငန်းများ၊ တိုင်းအဆင့်ရုံးဆောက်လုပ်ခြင်း ကျပ် (၉၉ ဒသမ ၃၆) သန်းအား ကျပ် (၇၉ ဒသမ ၉၂)သန်းခွင့်ပြုပြီး ကျန်ကျပ် (၁၉ ဒသမ ၄၄)သန်းကို နေပြည်တော် ပုဗ္ဗသီရိ ပေါင်းစည်းလယ်ယာဝက်ခြံ ဆောက်လုပ်ရန် ခွင့်ပြုခဲ့သည်။



**တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း။**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ လုပ်ငန်းစီမံကိန်း အသစ်များတွင် ရေနံချက်စက်ရုံ အသစ်စီမံကိန်း(မကွေး) အကြိုစူးစမ်း လေ့လာခြင်းလုပ်ငန်းအတွက် ကျပ် သန်း (၄၀) ခွင့်ပြုခဲ့သည်။

ရန်ကုန်-မန္တလေး အဝေးပြေး လမ်း(အသစ်)အား ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းတိုးတက်ပြုပြင်ခြင်း အတွက် ကျပ်သန်း (၂၅၀၀၀) ခွင့်ပြုရန် သဘောတူခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်း သစ်များတွင် ဖလမ်းလေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းတန်ဖိုးငွေကျပ် သန်း (၁၅၀၀) အနက် ချင်းပြည်နယ်အတွင်း လေယာဉ်ကွင်း တည်ဆောက်သင့် သည့် အသင့်တော်ဆုံးနေရာ ရွေးချယ် သတ်မှတ်နိုင်ရေး၊ အကြိုစူးစမ်း လေ့လာမှု အသေးစိတ်ပြုလုပ်ရန်နှင့် စီမံကိန်းအသစ် ပြန်လည်ရေးဆွဲရန် အတွက် ငွေကျပ် သန်း (၁၀၀) ခွင့်ပြုခဲ့ သည်။

အမျိုးသားစီမံကိန်း ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု ဆုံးဖြတ်ချက်များအပေါ် ရေးမဲဆန္ဒနယ် မှ ဒေါ်မိမြင့်သန်းက "ကျွန်မရဲ့ အဆိုကို ကန့်ကွက်မဲအများစုနဲ့ ပယ်ဖျက်လိုက်ပါတယ်။ တကယ် တော့ ကျွန်မအဆိုပြုထားတာက ရေငန် တားတမံတွေ တည်ဆောက်ဖို့အတွက် ငွေကျပ် သန်း (၃၀၀၀) ခွင့်ပြုဖို့ ဖြစ်ပါ တယ်။ စာစီတာမှားသွားတော့ ကျပ် သန်း (၃၀၀၀၀) ဖြစ်သွားတာပါ။ တကယ် တော့ ပင်လယ်ပိုင်းနဲ့ ထိစပ်တဲ့နေရာ တွေမှာ ရေငန်တားတမံတွေက အများ ကြီး လိုအပ်ပါတယ်။ လက်ရှိအခြေအနေ မှာ တချို့နေရာတွေမှာ တောင်သူ တွေအနေနဲ့ ကိုယ့်အားကိုယ်ကိုးပုံစံနဲ့ တာတမံတွေကို ဆယ်ဖို့နေကြတာပါ။ တမံမဆယ်ဖို့နိုင်တဲ့ နေရာတွေက ပလပ်မြေတွေအဖြစ်နဲ့ ဒီအတိုင်းရှိနေ ပါတယ်။ ဒါတွေကို ပြည်ထောင်စု ဝန်ကြီးဌာနအနေနဲ့ သိစေချင်ပါ



**ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း။**

တယ်။ ကျွန်မအနေနဲ့ကလည်း မိုးများ တဲ့ဒေသတွေဖြစ်တဲ့ မွန်၊ ရခိုင် ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီး တွေအတွက် အဓိကထားပြီးတော့ ရေငန်တားတမံတွေ တည်ဆောက်ပေးဖို့ တင်ပြအဆိုပြုတာပါ။ ဒီဒေသတွေက ရေငန်ဝင်ရောက်မှု အများဆုံးဒေသ တွေဖြစ်တဲ့အတွက် အဆိုပြုရခြင်း ဖြစ်ပါတယ်။ ကျွန်မရဲ့ အဆို မအောင် မြင်ပေမယ့်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနက နောင်နှစ်တွေမှာ ဆောင်ရွက်ပေးပါမယ်လို့ ကတိကဝတ် ရရှိထားပါတယ်"ဟု ပြောပြသည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက "ကျွန်တော်တို့ ကော်မတီအနေနဲ့ အဆိုမှာပါတဲ့ ဆောင်ရွက်ဆဲလုပ်ငန်းတွေနဲ့ ပတ်သက် လို့ အသေးစိတ် လေ့လာဆောင်ရွက် ခဲ့ပါတယ်။ သက်ဆိုင်ရာဌာနတွေက ဓာတ်ပုံနဲ့တကွ ခိုင်ခိုင်မာမာတင်ပြ ထားတာတွေရှိပါတယ်။ နံပါတ်တစ် အနေနဲ့ ဒီလုပ်ငန်းက တကယ်ထင်ထင် ရှားရှားလုပ်နေတဲ့ လုပ်ငန်းတွေဖြစ် တယ်ဆိုတာ တွေ့ရပါတယ်။ ဒုတိယ အချက်အနေနဲ့ ဒီလုပ်ငန်းတွေဟာ အမှန်တကယ် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေဖြစ်တာကိုလည်း တွေ့ရ ပါတယ်။ ခွင့်ပြုရမယ့် လုပ်ငန်းတွေ လည်းဖြစ်နေပါတယ်။ ခွင့်ပြုတယ်ဆိုတဲ့ နေရာမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းပမာဏကို ကျွန်တော်တို့ ကော်မတီအနေနဲ့ ပြင်ပသတင်း အချက်အလက်တွေရယူပြီး စံနှုန်း တွေနဲ့တွက်ချက်ပြီး စိစစ်ပြီးတော့ (၃ ဒသမ ၉) ဘီလီယံခန့် ဖြတ်တောက် လိုက်ပါတယ်။ ဘာကြောင့်လည်း ဆိုတာကိုလည်း ခိုင်ခိုင်မာမာ သက်သေပြစရာ ရှိပါတယ်။ အမှန် တကယ်ဆောင်ရွက်ဆဲ လုပ်ငန်းတွေ ဖြစ်တဲ့အပြင် ငွေကြေးလေလွင့်မှု မရှိအောင် ကျွန်တော်တို့ကော်မတီ အနေနဲ့ သုံးသပ်ပါတယ်။ ပိုလျှံလာတဲ့ ငွေကြေးတွေကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေမှာ သင်ကြား ပေးနေတဲ့ ဆရာ ဆရာမတွေအတွက် သုံးစွဲသွားမယ်လို့ ရည်ရွယ်ထားပါ တယ်"ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို မတ် ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွား မည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဆရာအတတ်ပညာဒီပလိုမာ လက်မှတ်အပ်နှင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

(၁၅)ကြိမ်မြောက် ဆရာအတတ် ပညာဒီပလိုမာလက်မှတ်အပ်နှင်းပွဲ ကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီက ကချင်ပြည်နယ် မြစ်ကြီးနား ပညာရေးကောလိပ် အားကစားခန်းမ ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြစ်ကြီးနား ပညာရေး ကောလိပ် ကျောင်းအုပ်ကြီးက သင်တန်းသား သင်တန်းသူများအား ဆရာအတတ်ပညာ ဒီပလိုမာ လက်မှတ်များ ချီးမြှင့်အပ်နှင်းခဲ့ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အမေရိကန်ကုန်သည်ကြီးများအသင်းမှ အာရှရေးရာ ဒုတိယဥက္ကဋ္ဌနှင့် အမေရိကန် စီးပွားရေးကိုယ်စားလှယ် အဖွဲ့ဝင် ၆၁ ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၆၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ပေါင်းကူးအဖွဲ့မှ အဖွဲ့ဝင် ၅၂ ဦးနှင့် မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား (နေပြည်တော်တပ်ကုန်း)မှ ဝန်ထမ်း ၃၂ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ကျင်းပနေပုံကို လေ့လာပြီး လွှတ်တော် အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အမေရိကန်ကုန်သည်ကြီးများအသင်းမှ အာရှရေးရာ ဒုတိယဥက္ကဋ္ဌ Ms.Tami Overby ဦးဆောင်သည့် အမေရိကန်စီးပွားရေး ကိုယ်စားလှယ် အဖွဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပပုံများကို လေ့လာ ကြစဉ်။** (သတင်းစဉ်)

# နော်ဝေနိုင်ငံ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများက ဖြစ်ပေါ်ပြောင်းလဲနေမှုများအတွက် အဓိကကျ နော်ဝေနိုင်ငံ အောင်မြင်မှုများကို အတုယူကြိုးပမ်းနိုင်မည်ဆိုရင် ပြုပြင်ပြောင်းလဲမှုတွေလည်း မလွဲမသွေအောင်မြင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံဝန်ကြီးချုပ် H.E. Mr. Jens Stoltenberg တို့သည် ဖေဖော်ဝါရီ ၂၆ ရက်ညနေ ၃ နာရီတွင် နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံ၍ တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပကာ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။**(ယာပုံ)**

ရှေးဦးစွာ နော်ဝေနိုင်ငံဝန်ကြီးချုပ်က ပြောကြားရာတွင် ယခုခရီးစဉ်တွင် သမ္မတကြီးအား ကြိုဆိုခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ဂုဏ်ယူကြောင်းကိုလည်း ပြောကြားလိုပါကြောင်း၊ ယခုခရီးစဉ်သည် နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပိုမိုတိုးတက်ရန်အတွက် များစွာအရေးပါသည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လွန်ခဲ့သော နှစ်နှစ်တာကာလက နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံကဲ့သို့ လုပ်ဆောင်နိုင်သည့် နိုင်ငံအနည်းငယ်လောက်သာရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် ရွေးကောက်ပွဲကြီး ကျင်းပပေးခဲ့ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ ကန့်သတ်ချက်များ ဖယ်ရှားပေးခဲ့ခြင်းတို့လည်း ပါဝင်ပါကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် နှစ်နှစ်ကာလကဆိုလျှင် သမ္မတအဖြစ် ရွေးကောက်ခံရပြီး နောက်ပိုင်းတွင်လည်း သမ္မတကြီးအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ခြင်းများစွာရှိပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တွင် ဒီမိုကရေစီနှင့် ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုများကို မိမိတို့ နော်ဝေက အမြဲတမ်းအဆင်သင့် ထောက်ခံခဲ့ပါကြောင်း၊ ဤခရီးစဉ်သည် သမ္မတကြီး၏ ဥရောပခရီးစဉ်မှာ ပထမဆုံး နော်ဝေနိုင်ငံကို လာပြီးတော့မှ ပထမဦးဆုံး အကြိမ် လည်ပတ်ခြင်းဖြစ်ပါကြောင်း၊ ဤခရီးစဉ်သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် ဆန္ဒရှိသည်ကို ဖော်ပြခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်သွယ်ရေးကို မြှင့်တင်သည့်အနေဖြင့် ရန်ကုန်မြို့ရှိ နော်ဝေသံရုံးကို သံအမတ်ကြီးအဆင့်တိုးမြှင့်သွားရန် ဆုံးဖြတ်ထားပါကြောင်း၊ မိမိတို့ တွေ့ဆုံစဉ် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ပါကြောင်း၊ တစ်ပြိုင်တည်းတွင် မြန်မာနိုင်ငံ၏ စိန်ခေါ်မှုကိစ္စများနှင့်ပတ်သက်၍ ပြောကြားခဲ့ပါကြောင်း၊ ရေရှည်တွင် ဒီမိုကရေစီ တိုးတက်ဖြစ်ပေါ်ရန်အတွက် လူ့အခွင့်အရေးကို အလေးထားရန် အခြေခံအခွင့်အရေးနှင့် ပတ်သက်၍ ဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်နေသည့် ပဋိပက္ခကိစ္စများနှင့်ပတ်သက်ပြီး မိမိတို့ ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့





နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းရန်တို့နှင့် စပ်လျဉ်းပြီး အလေးထားဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့၏ နော်ဝေကုမ္ပဏီများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်ကိုလည်း ဆွေးနွေးခဲ့ပါကြောင်း၊ နော်ဝေကုမ္ပဏီများသည် တာဝန်သိသော လူ့အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းတွင် မြန်မာနိုင်ငံ၌ မျှတ၍ ပွင့်လင်းသည့် အနေအထားကို ဖော်ထုတ်ပေးရန်ဆိုလျှင် အခွန်ကောက်ခံမှုနှင့် ပတ်သက်ပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မိမိပြောကြားခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်သည် အပြုသဘောဆောင်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်မည်ဟု မျှော်လင့်ပါကြောင်း၊ ဆက်လက်ပြီး မြန်မာနိုင်ငံ တိုးတက်မည့်အချိန်ကို မျှော်လင့်ပါကြောင်း၊ ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် ဥရောပခရီးစဉ်ကို နော်ဝေနိုင်ငံမှ အစပြုရသည့်အတွက် အလွန်ပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နော်ဝေနိုင်ငံကို ပထမဦးဆုံးလာရောက်ရခြင်းမှာ မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအပေါ် နော်ဝေအစိုးရနှင့် ပြည်သူများက ထောက်ခံအားပေးမှုများ၊ ကူညီထောက်ပံ့မှုများ များစွာရှိခဲ့ပါကြောင်း၊ ထို့အတွက် ကျေးဇူးတင်၊ အသိအမှတ်ပြုသည့် အနေဖြင့် ယခုကဲ့သို့ နော်ဝေနိုင်ငံကို ပထမဦးဆုံး လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်ပေါင်းများစွာ တိုက်တွန်းလှုံ့ဆော်ခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့နိုင်ငံများကို အတိအလင်းပြောကြားလိုသည်မှာ လွန်ခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံနှင့် အနောက်နိုင်ငံများ ပြန်လည်ထိတွေ့ဆက်ဆံရေးမှာ နော်ဝေနိုင်ငံက တက်ကြွစွာ ဦးဆောင်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများက ယနေ့မြန်မာနိုင်ငံ ဖြစ်ပေါ်ပြောင်းလဲနေမှုများအတွက် အဓိကကျခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးအတွက် နော်ဝေနိုင်ငံခေါင်းဆောင်များနှင့် သံတမန်များ၏ ကြိုးပမ်းမှုကို မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နော်ဝေနိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ဂုဏ်ယူဝမ်းမြောက်သင့်သည်ဟု ပြောကြားလိုပါကြောင်း၊ နော်ဝေနိုင်ငံသည် မိမိတို့၏ အားနည်းချက်များကို မိုင်ထောင်ပေါင်းများစွာမှ အပြစ်များကို ဝေဖန်နေခြင်းထက် လက်တွေ့ကျကျ အဖြေရှာနိုင်ရန်အတွက် ရင်းနှီးပွင့်လင်းစွာ လက်တွဲခေါ်ဆောင်ခဲ့သော မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်မှာ အရှည်ကြာဆုံး လက်နက်ကိုင်ပဋိပက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလတွင် ဤပဋိပက္ခများ ချုပ်ငြိမ်းတော့မည်ဖြစ်သည့်အတွက်ကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် နော်ဝေနိုင်ငံ၏ အားတက်သရေကူညီမှုများသည် အရေးကြီးသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ ဆယ်စုနှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့မှုများကြောင့် မရရှိခဲ့သည့် နိုင်ငံတကာချေးငွေများကို ပြန်လည်ရရှိအောင် ညှိနှိုင်းဆွေးနွေးမှုတွင်လည်း နော်ဝေနိုင်ငံ၏ အကူအညီများသည် အရေးပါသောနေရာမှ ပါဝင်ခဲ့ပါကြောင်း၊ ပဲရစ်ကလပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ရရန်ရှိသော ကြွေးမြီများကို ရာနှုန်းပြည့်ပေးလျှော်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအပေါ်တွင် နော်ဝေနိုင်ငံ၏ ယုံကြည်မှုကို ပြသခဲ့ပါကြောင်း၊ နော်ဝေနိုင်ငံ၏ ယုံကြည်မှုကြောင့် အခြားသော ပဲရစ်ကလပ်နိုင်ငံများနှင့် ပတ်သက်ပြီး ချေးငွေကိစ္စများ ညှိနှိုင်းသည့်အခါတွင် များစွာအထောက်အကူဖြစ်စေခဲ့ပါကြောင်း၊ မြန်မာနိုင်ငံထံမှ ၎င်းတို့ရရှိရန် ကျန်ရှိနေသော ကြွေးမြီများစွာကိုလည်း လျှော့ပေါ့ပေးခဲ့ပါကြောင်း၊ မိမိနိုင်ငံအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် အကောင်းဆုံး နည်းလမ်းများကို ရှာဖွေနိုင်ရန် နော်ဝေနိုင်ငံ၏ အကူအညီများသည်လည်း အလွန်အရေးကြီးလှပါကြောင်း။

နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံသည် ရာသီဥတုနှင့် ယဉ်ကျေးမှုများတွင် ကွဲပြားမှုများစွာရှိသော်လည်း မိမိတို့နှစ်နိုင်ငံ၏ တူညီသည့်အချက်မှာ သဘာဝသယံဇာတ အထူးသဖြင့် စွမ်းအင်ဆိုင်ရာ သယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံများဖြစ်ကြပါကြောင်း၊ မိမိတို့အနေဖြင့် သဘာဝသယံဇာတများကို ပြည်သူများအားလုံးအတွက် အကျိုးရှိအောင် မည်ကဲ့သို့ စီမံခန့်ခွဲသင့်သည်ဆိုသည်ကို နော်ဝေနိုင်ငံထံမှ လေ့လာသင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့ နှစ်နိုင်ငံလုံးသည် နိုင်ငံငယ်များဖြစ်ကြပြီး မိမိတို့၏ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ရသည့် အချိန်များကို ဖြတ်သန်းခဲ့ရပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အင်အားကြီးသည့် နိုင်ငံများနှင့် ဆက်ဆံရေးကို သတိကြီးစွာထားပြီး နိုင်ငံခြားရေးမူဝါဒများ ချမှတ်ပြီး ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ နော်ဝေနိုင်ငံသည် ၁၉ ရာစုအတွင်းက ဥရောပ၏ အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် အကြွယ်ဝဆုံးနိုင်ငံတစ်ခုသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံဖြတ်သန်းခဲ့ရသည့် ခရီးနှင့် အောင်မြင်မှုများကို မိမိတို့အနေဖြင့် အတုယူ ကြိုးပမ်းနိုင်မည်ဆိုရင် ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေလည်း မလွဲမသွေအောင်မြင်ကြမယ်လို့ ယုံကြည်ပါကြောင်း။

အားလုံးကျေးဇူးတင်ပါတယ်။

**မေး။ မြန်မာနိုင်ငံတွင် လူမျိုးစုငယ်များနှင့် ဆွေးနွေးနေမှုနှင့် ပတ်သက်ပြီး သိလိုပါကြောင်း။**

နိုင်ငံတော်သမ္မတ။ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု တစ်ရာကျော်ရှိပါကြောင်း၊ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး လွတ်လပ်ရေးမရမီက တိုင်းရင်းသားလူမျိုးစုများကို တောင်ပေါ်နှင့် မြေပြန့်ခွဲ၍ သွေးခွဲပြီး အုပ်ချုပ်ခဲ့သည့်အတွက်ကြောင့် လွတ်လပ်ရေးရပြီး နောက်ပိုင်း အချင်းချင်း ယုံမှားသံသယတွေဖြစ်ပြီး လက်နက်စွဲကိုင်၍ အစိုးရကို တိုက်ခိုက်လာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော် ကြာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ လက်နက်ကိုင် ပဋိပက္ခသည် ကမ္ဘာပေါ်မှာ အရှည်ကြာဆုံးသော ပဋိပက္ခတစ်ခု ဖြစ်ပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများကို ချုပ်ငြိမ်းရန်အတွက် အစိုးရအဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် အောင်မြင်မှုများလည်း ရှိခဲ့ပါကြောင်း၊ တချို့လည်း မအောင်မြင်မှုများ ကျန်ရှိနေသည့်အတွက် မိမိတို့ အစိုးရသစ်တက်လာသည့်အခါတွင် လက်နက်ကိုင်ဆန့်ကျင်သည့် လူမျိုးစုလက်နက်ကိုင်အဖွဲ့ပေါင်း ၁၁ ဖွဲ့ ရှိပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများရှိနေသမျှ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုဆိုသည်မှာလည်း မည်သို့မျှ အောင်မြင်နိုင်မည် မဟုတ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ရန်ဆိုသည်မှာလည်း များစွာခက်ခဲမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီသည်လည်း ရှေ့သို့ဆက်ပြီး ရှင်သန်ဖွံ့ဖြိုးရန်အတွက် အခက်အခဲရှိပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်အတွက် မိမိတို့ အစိုးရတာဝန်ယူသည့်အခါ ငြိမ်းချမ်းရေး တည်ဆောက်ရေးလုပ်ငန်းကို ဦးစားပေးပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်နိုင်ငံတည်း အတူတကွ နေနေကြသည့်သူများဖြစ်ရာ အိမ်ထောင်စုတစ်စုတည်းအတွင်း အတူနေနေကြသည့် မိသားစုအချင်းချင်း မည်သည့်အတွက်ကြောင့် တိုက်ခိုက်သတ်ဖြတ်နေမလဲ။ အချင်းချင်း တိုက်ခိုက် သတ်ဖြတ်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယင်းကို သင်ခန်းစာ ရယူသင့်ပါကြောင်း၊ သို့ဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ကြရန်အတွက် ယင်းအဖွဲ့များကို ကမ်းလှမ်းခဲ့ပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများ၊ အခြားတစ်ဖက်က ဆုံးရှုံးမှုများ၊ အစိုးရဘက်မှ ဆုံးရှုံးမှုများ ယင်းဆုံးရှုံးမှုများ အားလုံးသည် တိုင်းပြည်၏ ဆုံးရှုံးမှုများပင်ဖြစ်ပါကြောင်း၊ ဆက်ပြီး အဆုံးရှုံးမခံကြဘဲ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ကြရအောင် ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အတွက် အဖွဲ့ ၁၁ ဖွဲ့ရှိသည့်အနက် ၁၀ ဖွဲ့နှင့် ညှိနှိုင်းရရှိပြီး အပစ်အခတ်များ၊ တိုက်ခိုက်မှုများ ရပ်စဲသွားပြီဖြစ်ပါကြောင်း၊ အဖွဲ့တစ်ဖွဲ့သာ မြန်မာနိုင်ငံ မြောက်ပိုင်း၌ ကျန်ရှိပါကြောင်း၊ ယင်းအဖွဲ့နှင့်လည်း မကြာခင်က ထိတွေ့ဆွေးနွေးမှုများလုပ်ခဲ့ပါကြောင်း၊ လောလောဆယ်တွင် ယင်းနယ်မြေ၌လည်း ပစ်ခတ်တိုက်ခိုက်မှုများ လုံးဝရပ်ဆိုင်းသလောက်နီးပါး ရှိသွားပြီဖြစ်ပါကြောင်း၊ မကြာမီတွင် နိုင်ငံရေးအရ ဆွေးနွေးမှုများဆက်ပြီး ဆွေးနွေးရန်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် အစိုးရပိုင်းအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းပြီး ဆွေးနွေးပွဲလုပ်နိုင်သည့် အဆင့်ရောက်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုအနေဖြင့် လွှတ်တော်ရှိပါကြောင်း၊ လွှတ်တော်တွင် တိုင်းရင်းသား လူမျိုးပေါင်းစုံပါပါကြောင်း၊ ပါတီပေါင်းစုံပါပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရန်အတွက် နိုင်ငံရေးဆွေးနွေးမှုများမှာ လွှတ်တော်တွင်ဆက်ပြီး ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ လူမျိုးစုများနှင့် ငြိမ်းချမ်းရေး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် မိမိတို့၏ အခြေခံဥပဒေတွင် လူမျိုးစုများကို ကာကွယ်ပေးထားသည့် ဥပဒေများပါရှိပါကြောင်း၊ သို့သော်လည်း အသေးစိတ်ဥပဒေပြဋ္ဌာန်းမှုမလုပ်ရသေးပါကြောင်း၊ အသေးစိတ်ဥပဒေများ ပြန်ဆွဲပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် လူမျိုးစုအချင်းချင်း ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရအောင် ရှေ့ကိုဆက်လုပ်သွားရန် အစီအစဉ် ရှိပါကြောင်း။

**မေး။ နော်ဝေနိုင်ငံဝန်ကြီးချုပ်ခင်ဗျား၊ မြန်မာနိုင်ငံသမ္မတ၏ ခရီးစဉ်နဲ့ပတ်သက်ပြီး အနာဂတ်အစီအစဉ်ကို သိရှိလိုပါကြောင်း။**

နော်ဝေဝန်ကြီးချုပ်။ ဤခရီးစဉ်မှာ မိမိတို့ကို ပထမဦးဆုံး ရွေးချယ်သည့်အတွက် ဝမ်းသာမိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများမှာ များစွာထောက်ခံအားပေးခဲ့ပါကြောင်း၊ အခုဆိုရင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် ကမ္ဘာတစ်ဝန်းတွင် အလျင်မြန်ဆုံး တိုးတက်ပြောင်းလဲမှုများဖြစ်ကြောင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွင် အကျဉ်းသား လွှတ်ပေးခြင်းကိစ္စများ ပါဝင်သလို ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးခဲ့ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်ချက်များ ဖယ်ရှားပေးခဲ့ခြင်း၊ တပ်မတော်၏ အုပ်ချုပ်မှုမှ အရပ်သားအုပ်ချုပ်မှု ပြောင်းလဲ အုပ်ချုပ်ခြင်းစသည်တို့ ပါဝင်ပါကြောင်း၊ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင်လည်း မိမိတို့ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ နော်ဝေကုမ္ပဏီများသည် နာမည်ကြီးကုမ္ပဏီများဖြစ်ပြီး မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ကူညီရန် ဆန္ဒရှိကြပါကြောင်း၊ အားလုံး တန်းတူညီတူ ယှဉ်ပြိုင်သည့်အနေအထား၊ သိသာမြင်သာသည့် မျှတသော၊ ပွင့်လင်းသော စီးပွားရေး အခြေအနေဖန်တီးရန်သည် အောင်မြင်မှုအတွက် အဓိက ဖြစ်ပါကြောင်း၊ မိမိတို့ယခုညနေတွင်လည်း ဆက်ပြီး ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

**မေး။ နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံ ထိတွေ့မှုတွင် မည်သည့်နည်းလမ်းဖြင့် နော်ဝေနိုင်ငံ၏ ကုမ္ပဏီများ အထူးသဖြင့် ဂက်စ်၊ ရေနံကဏ္ဍတို့တွင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည်ကို သိရှိလိုပါကြောင်း။**

နိုင်ငံတော်သမ္မတ။ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်သုံးချက်ရှိပါကြောင်း၊ ယင်းတို့မှာ အရင်းအနှီး၊ နည်းပညာပိုင်း၊ လူ့စွမ်းအားအရင်းအမြစ်တို့ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပါကြောင်း၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး အရင်းအနှီးလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်နှင့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များကြောင့် စီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် မဖွံ့ဖြိုးခြင်းဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံနှင့်ပတ်သက်ပြီး မိမိတို့လိုအပ်သည့် အချက်သုံးချက်ပြည့်စုံပြီးသားဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနိုင်သည့် နယ်ပယ်မှာ ဂက်စ်နှင့် ရေနံတင်မက ပါကြောင်း၊ ကျန်သည့်နယ်ပယ်များ၊ ကျန်သည့် လုပ်ငန်းများလည်း အများကြီးရှိပါကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသည့် နေရာတွင် လာရောက်ပြီး ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအတွက်လည်း အကျိုးအမြတ်ရှိအောင်၊ မြန်မာနိုင်ငံပြည်သူများအတွက်လည်း အကျိုးအမြတ်ရှိအောင်၊ မြန်မာအစိုးရအတွက်လည်း အကျိုးအမြတ်ရှိအောင် သုံးဦးသုံးဖလှယ်အကျိုးအမြတ်ရှိသည့် နည်းလမ်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။





**မေး။ နော်ဝေနိုင်ငံဝန်ကြီးချုပ်ခင်ဗျား၊ မြန်မာနိုင်ငံသမ္မတ၏ ခရီးစဉ်နဲ့ပတ်သက်ပြီး အနာဂတ် အစီအစဉ်ကို သိရှိလိုပါကြောင်း။**

နော်ဝေဝန်ကြီးချုပ်။ ဤခရီးစဉ်မှာ မိမိတို့ကို ပထမဦးဆုံး ရွေးချယ်သည့်အတွက် ဝမ်းသာမိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများမှာ များစွာထောက်ခံအားပေးခဲ့ပါကြောင်း၊ အခုဆိုရင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် ကမ္ဘာတစ်ဝန်းတွင် အလျင်မြန်ဆုံး တိုးတက်ပြောင်းလဲမှုများဖြစ်ကြောင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွင် အကျဉ်းသား လွှတ်ပေးခြင်းကိစ္စများ ပါဝင်သလို ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးခဲ့ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်ချက်များ ဖယ်ရှားပေးခဲ့ခြင်း၊ တပ်မတော်၏ အုပ်ချုပ်မှုမှ အရပ်သားအုပ်ချုပ်မှုပြောင်းလဲ အုပ်ချုပ်ခြင်းစသည်တို့ ပါဝင်ပါကြောင်း၊ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင်လည်း မိမိတို့ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ နော်ဝေကုမ္ပဏီများသည် နာမည်ကြီးကုမ္ပဏီများဖြစ်ပြီး မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ကူညီရန် ဆန္ဒရှိကြပါကြောင်း၊ အားလုံးတန်းတူညီတူ ယှဉ်ပြိုင်သည့်အနေအထား၊ သိသာမြင်သာသည့် မျှတသော၊ ပွင့်လင်းသော စီးပွားရေးအခြေအနေဖန်တီးရန်သည် အောင်မြင်မှုအတွက် အဓိက ဖြစ်ပါကြောင်း၊ မိမိတို့ယခုညနေတွင်လည်း ဆက်ပြီး ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

**မေး။ နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံ ထိတွေ့မှုတွင် မည်သည့်နည်းလမ်းဖြင့် နော်ဝေနိုင်ငံ၏ ကုမ္ပဏီများ အထူးသဖြင့် ဂက်စ်၊ ရေနံကဏ္ဍတို့တွင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည်ကို သိရှိလိုပါကြောင်း။**

နိုင်ငံတော်သမ္မတ။ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်သုံးချက်ရှိပါကြောင်း၊ ယင်းတို့မှာ အရင်းအနှီး၊ နည်းပညာပိုင်း၊ လူ့စွမ်းအားအရင်းအမြစ်တို့ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပါကြောင်း၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး အရင်းအနှီးလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်နှင့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များကြောင့် စီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် မဖွံ့ဖြိုးခြင်းဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံနှင့်ပတ်သက်ပြီး မိမိတို့လိုအပ်သည့် အချက်သုံးချက်ပြည့်စုံပြီးသားဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနိုင်သည့် နယ်ပယ်မှာ ဂက်စ်နှင့် ရေနံတင်မက ပါကြောင်း၊ ကျန်သည့်နယ်ပယ်များ၊ ကျန်သည့် လုပ်ငန်းများလည်း အများကြီးရှိပါကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသည့် နေရာတွင် လာရောက်ပြီး ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအတွက်လည်း အကျိုးအမြတ်ရှိအောင်၊ မြန်မာနိုင်ငံပြည်သူများအတွက်လည်း အကျိုးအမြတ်ရှိအောင်၊ မြန်မာအစိုးရအတွက်လည်း အကျိုးအမြတ်ရှိအောင် သုံးဦးသုံးဖလှယ်အကျိုးအမြတ်ရှိသည့် နည်းလမ်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**✻ ကျော့ဖုံးမှ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ အားကစားအလံနှင့် ပြိုင်ပွဲဝင်အလံများကို လွှင့်တင်ကြသည်။

ထို့နောက် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတင်ပြင်ဆင် ဆောင်ရွက်နေမှု အခြေအနေကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် အားကစားလှုပ်ရှားမှု အဆင့်အတန်းသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုယုံကြည်မှုဘဝ သာယာမှု အဆင့်အတန်းနှင့် နီးကပ်စွာဆက်စပ်လျက်ရှိပါကြောင်း၊ အားကစားတွင် ပါဝင်လှုပ်ရှားသူများသည် အဖွဲ့အစည်းများအပေါ် လူမှုယုံကြည်မှုနှင့် ဘဝကိုပျော်ရွှင်ကျေနပ်မှုအဆင့် မြင့်မားသူတွေဖြစ်ပြီး နိုင်ငံ့အရေးအရာနှင့် ပြည်သူ့ရေးရာကိစ္စများတွင် စိတ်ဝင်စားမှု ပိုမိုပြသနိုင်ကြပါကြောင်း၊ အားကစားသည် နိုင်ငံသားများ၏ ကိုယ်ကျင့်တရား၊ စည်းကမ်းကောင်းမွန်မှုနှင့် အခက်အခဲများကို ရင်ဆိုင်ယှဉ်ပြိုင် အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်တို့ဖြင့် ထုထောင်ပေးနိုင်သော အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ နိုင်ငံတိုင်းသည် အားကစားလှုပ်ရှားမှုများတွင် ပြည်သူလူထု တက်ကြွစွာပါဝင်ဆင်နွှဲမှုကို အလေးထားလုပ်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အားကစားအဆင့်အတန်း မြင့်မားရေးနှင့် လူထုပါဝင်ဆင်နွှဲရေးကို အမျိုးသားရေးတာဝန်အဖြစ် အောင်မြင်အောင် ထမ်းဆောင်နိုင်ရန်အတွက် အားကစားဆိုင်ရာ ကောင်းမွန်ခေတ်မီသည့် အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ၊ အားကစားတွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားသည့် ပညာရှင်နည်းပြကောင်းများနှင့် အားကစားသမားကောင်းများ၊ ပြောင်မြောက်သည့် အသင်းအုပ်ချုပ်သူများကို လိုအပ်လျက်ရှိပြီး အရည်အသွေးမှတ်ကျောက်တင်နိုင်မည့် အားကစားပြိုင်ပွဲကြီးများကို ပုံမှန်ကျင်းပပေးရန် လိုအပ်ကြောင်း၊ ယခုကျင်းပသည့် အားကစားပြိုင်ပွဲကြီးမှ တစ်ဆင့် လာမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များဆွတ်ခူးပြီး နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာမှုကို ပြသနိုင်ရေး၊ အဆင့်မီ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ့ဂုဏ် မြင့်တင်နိုင်ရန်အတွက် တရားမျှတ သန့်ရှင်းစွာ ကြိုးစားယှဉ်ပြိုင်ကြပါရန် မှာကြားပြီး ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကြီးကို စတင်ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ပြိုင်ပွဲအားကစားသမားများနှင့် ဒိုင်လူကြီးများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြပြီး မြားပစ်အားကစားသမားတစ်ဦးမှ ပင်မမီးရှူးတိုင်ကို မြားပစ်မီးကူးထွန်းညှိပေးသည်။

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တေးသံရှင်များနှင့် တွဲဖက်၍ "ဂိုးသွင်းကောင်းတဲ့ကိုကို၊" "ပွဲဦးအလကာ၊" "နေ့သစ်များရဲ့ မြန်မာပြည်"၊ "ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်"၊ "Let's go to SEA Games "၊ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" စသည့် တေးသံသာများဖြင့် သရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ညပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

၂၀၁၃ ခုနှစ် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ၌ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘက်စကတ်ဘော၊ ဘိလိယက်/စနူကာ၊ ကာယကြံ့ခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ စက်ဘီး၊ ဘောလုံး၊ ဖူဆယ်၊ ဂျူဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ပန်ကြပ်ဆီလပ်၊ ရိုးရာလက်ဝှေ့(မွေ)၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူးနှင့် နပန်း စသည့် အားကစားနည်း ၂၂ မျိုးကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေတို့မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် အားကစားသမားစုစုပေါင်း ၂၇၀၀ ကျော်တို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို ယနေ့မှ မတ် ၇ ရက်ထိ ရှစ်ရက်တိုင်တိုင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ သက်ဆိုင်ရာ အားကစားကွင်းများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။(အောက်ပုံ)**



ထိုသို့တွေ့ဆုံရာတွင် သံအမတ်ကြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နိုင်ခဲ့မှုများ၊ မဲခေါင်မြစ်ဝှမ်းဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ နယ်စပ်ဒေသ စီမံခန့်ခွဲရေးဆိုင်ရာ သဘောတူညီမှုအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကိစ္စရပ်များ၊ စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အတူ တရုတ်စစ်သံမှူး Senior Colonel Xiong Shaowei နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲဖွင့်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အားကစားအသင်းများနေရာယူကြစဉ်။**

(သတင်းစဉ်)

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၇-၂-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ ၌ပါရှိသော ၂၀၁၃ ဆီးဂိမ်းအကြိုသတင်း တတိယပိုဒ်တွင် "အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ရေးသားသီကုံးထားသည့်(အစား) ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ရေးသားသီကုံးထားသည့်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(ကြေးမုံ)**

## မောင်းနှင်ထွက်ပြေးသော ယာဉ်ငယ်ပေါ်မှ ကျောက်စိမ်းထုပ်များ ဖမ်းဆီးရမိ

**နောင်ချို ဖေဖော်ဝါရီ ၂၈**

နောင်ချိုမြို့ အရှေ့ဘက်အေးရှားဝေါ တိုးဂိတ်အနီး၌ တာဝန်ထမ်းဆောင်နေကြသော နကသ ညွှန်/မှူး ဦးစန်းလွင်ဦးစီးသော စားသုံးသူကာကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team) ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က ကုန်တင်ယာဉ်များ ကုန်ပစ္စည်းတင်ဆောင်မှုတို့အား စစ်ဆေးနေစဉ် မန္တလေးဘက်မှ မူဆယ်သို့ ယာဉ်မောင်း ဦးဝင်းထိုက်မောင်းနှင်လာသော ကော်ရိုလာဆလွန်းအနက်ရောင်ယာဉ် အမှတ် ၁ခ/--- ယာဉ်သည် စစ်ဆေးနေစဉ် ရုတ်တရက်ထွက်ပြေး မောင်းနှင်သွားခဲ့သည်။ ပူးပေါင်းအဖွဲ့တို့က လိုက်လံပိတ်ဆို့ဖမ်းဆီးရာ နောင်ချို ဂုတ်ကွင်းကားလမ်းတောင်ဘက် ကြက်ဆူခင်းတောထဲမှ ယာဉ်နှင့်အတူ ကျောက်စိမ်း ၁၀ ထုပ်အား ဖမ်းဆီးရမိခဲ့သည်။ ယာဉ်မောင်း ဦးဝင်းထိုက် မြရည်နန္ဒာမြို့သစ်မန္တလေးမြို့နေထိုင်သူအား နောင်ချိုရဲတပ်ဖွဲ့မှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၄၂)

# အမြန်လမ်းမကြီးပေါ် ယာဉ်တိုက်မှုဖြစ်ပွား၍ လေးဦးသေ၊ နှစ်ဦးဒဏ်ရာရ

**တောင်ငူ ဖေဖော်ဝါရီ ၂၈**

ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁ နာရီခန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တောင်ငူခရိုင် ကျွဲပွဲနှင့် ညောင်ခြေထောက်အကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး နှစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မြင်းခြံမြို့မှ ရန်ကုန်မြို့သို့ လူကြီးလေးဦးနှင့် ကလေးနှစ်ဦးတို့အား တင်ဆောင်လျက် ယာဉ်မောင်း အောင်ကျော်မိုး(ခ) ကိုကြွက်(၃၅)နှစ် မြင်းခြံမြို့နေသူ မောင်းနှင်လာသည့် ကိုယ်ပိုင်ယာဉ် ၅ဃ/---- ကရီနာဗင်ကားသည် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၂၅/၄) အရောက်တွင် အိပ်ငိုက်ရာမှ လမ်းလယ်ရှိအုတ်ကျွန်းတိုင်များနှင့် တံတားကိုပါတိုက်မိပြီး ကားရှေ့ပိုင်းပျက်စီးသွားကြောင်း သိရသည်။ **(အောက်ပုံ)**

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း အောင်ကျော်မိုး(ခ) ကိုကြွက်၊ ကိုကျော်စွာမြင့် အသက်(၃၈)နှစ်၊ တစ်နှစ်သုံးလအရွယ် ကလေးငယ်နှင့် အိမ်ဖော်တစ်ဦး စုစုပေါင်း လေးဦး သေဆုံးသွားပြီး မမီးမီး(ခ)မျိုးသက်ဝေ အသက်(၃၂)နှစ်နှင့် ၎င်း၏သားကြီး ဖုန်းမြတ်မင်း(၃)နှစ် မြင်းခြံမြို့နေသူတို့အား တောင်ငူပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာများအဖြစ် တင်ပို့ကုသထားရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်လျှင်ဖြစ်ခြင်း အမြန်လမ်းမကြီး ၁၁၅ မိုင်ရှိ အာရောဂျကုသိုလ်ဖြစ် အရေးပေါ် လူနာတင်ယာဉ်နှင့် ၁၁၅ မိုင် ဖြူးစခန်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီ ရှေးဦးသူနာပြုအရေးပေါ်ယာဉ်များဖြင့် လူနာများနှင့် သေဆုံးသူများကို တောင်ငူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အမှုကို အမြန်လမ်းမကြီး ဗောဓိကုန်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၂၉)**





# ပုပ်ရဟန်းမင်းကြီး၏ နောက်ဆုံးအပူဇော်ခံပွဲ

**ရောမ ဖေဖော်ဝါရီ ၂၈**

ရိုမန်ကက်သလစ်ဘုရားကျောင်းတော်ကြီး၏ အကြီးအကဲရာထူးတာဝန်မှ ဖေဖော်ဝါရီ ၂၈ ရက်တွင် တရားဝင်အနားယူနုတ်ထွက်သွားပြီဖြစ်သည့် ပုပ်ရဟန်းမင်းကြီး ဘန်နီဒစ်၏ နောက်ဆုံးနှုတ်ဆက်အပူဇော်ခံပွဲကို ရောမမြို့ရှိ စိန့်ပီတာရင်ပြင်၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့ရာ လူတစ်သိန်းကျော်တက်ရောက်ခဲ့ပြီး ပုပ်ရဟန်းမင်းကြီးက တက်ရောက်လာသော ပရိသတ်များသို့ နောက်ဆုံးမိန့်ခွန်းမြွက်ကြားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပုပ်ရဟန်းမင်းကြီး၏ နောက်ဆုံးအပူဇော်ခံပွဲသို့ တက်ရောက်လာသောလူအုပ်ကြီးက "ကျေးဇူးတင်ပါသည်" ဟု အဓိပ္ပာယ်ရသည့် Grazie ! ဟူသော စာတန်းများကို ကိုင်ဆောင်ကာ ပုပ်ရဟန်းမင်းကြီးကို နှုတ်ဆက်ဂါရဝပြုခဲ့သကဲ့သို့ ပုပ်ရဟန်းမင်းကြီးကလည်း တက်ရောက်လာသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ပုပ်ရဟန်းမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကျေနပ်ဝမ်းမြောက်ဖွယ်များရောအခက်အခဲများပါ ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း ပြောကြားသည်။

ပုပ်ရဟန်းမင်းကြီးသည် စိန့်ပီတာရင်ပြင်ပေါ်သို့ တက်ရောက်လာသည့် ပရိသတ်ကြီးအတွင်း အမိုးဖွင့်ကားတစ်စီးဖြင့် လှည့်လည်အပူဇော်ခံခဲ့ပြီး လက်ဝှေ့ယမ်းနှုတ်ဆက်ခဲ့သကဲ့သို့ ကလေးငယ်များကိုလည်း နှုတ်ဆက်

**ဘာသာပြန် - အောင်မိုးစိုး(ကြေးမုံ)**

အနမ်းပေးကာ ဆုတောင်းပေးခဲ့သည်။

တာဝန်ရှိသူများက သမိုင်းတွင်မည့် အဆိုပါဆုတောင်းပွဲသို့ တက်ရောက်ရန် လက်မှတ်ပေါင်း ငါးသောင်းခန့် ဖြန့်ဝေခဲ့သော်လည်း ဆုတောင်းပွဲသို့ တက်ရောက်သူမှာ တစ်သိန်းကျော်ခန့် ရှိမည်ဟု သိရသည်။

ပုပ်ရဟန်းမင်းကြီးဘန်နီဒစ်သည် ပုပ်ရဟန်းမင်းကြီးအဖြစ် ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် တရားဝင်နုတ်ထွက်သွားပြီဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးက ၎င်း၏အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေကြောင့် ယခုကဲ့သို့ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပုပ်ရဟန်းမင်းကြီးအသစ် ရွေးချယ်တင်မြှောက်ရေးအတွက် အမည်စာရင်း ထုတ်ပြန်ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

**ယူအက်စ်အေတူဒေး။**

# လှိုင်သာယာတွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၂၀)ရပ်ကွက် ဝေပုလ္လလမ်းထိပ်ရှိ ပေ၂၀ × ပေ ၄၀ သွပ်မိုးထရံကာ ရွှေခြံမမှုရိပ်သာဘုန်းကြီးကျောင်း၌ လျှပ်စစ်ဝါယာကြိုးရှော့ဖြစ်ရာမှ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလုံး မီးလောင်ကျွမ်းခဲ့သည်။ **(ယာပုံ)**

မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် လေးစီးရောက်ရှိ မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ကျောင်းထိုင်ဆရာတော် ဦးဂုဏိယ အပါအဝင် ရဟန်းနှစ်ပါး၊ ကိုရင် နှစ်ပါးတို့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထိန်စိုးက လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။ **(ဆန်းကျော်ဦး)**





ပြည်တွင်းရေးရာ

# သံဃဗောသဇ္ဇဌာနဝိဟာရ ခြောက်ထပ်သံဃာ့ဆေးရုံကြီး တည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူတော်ပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရွှေမိသားစုဖောင်ဒေးရှင်းမှမတည်ကာ စေတနာရှင်ပြည်သူအများ လှူဒါန်းငွေဖြင့် ဆောက်လုပ်လှူဒါန်းသည့် သံဃဗောသဇ္ဇဌာနဝိဟာရ ခြောက်ထပ်သံဃာ့ဆေးရုံကြီး တည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၄ နာရီက အဆိုပါ ခြောက်ထပ်သံဃာ့ဆေးရုံကြီး မြေညီထပ်၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအမှူးပြုသော ဆရာတော် သံဃာတော်များ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအမှူးပြုသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် ဗိုလ်တောက်ထိန်လမ်းတွင် ရွှေမိသားစုဖောင်ဒေးရှင်းမှ မတည်ကာ စေတနာရှင်ပြည်သူအများ ထည့်ဝင်လှူဒါန်းငွေဖြင့် အလျားပေ ၈၀၊ အနံပေ ၈၀ ရှိ သံဃဗောသဇ္ဇဌာနဝိဟာရ ခြောက်ထပ်သံဃာ့ဆေးရုံကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါကြောင်း။

ယင်း ခုတင်(၁၀၀)ဆံ့ ခြောက်ထပ်သံဃာ့ဆေးရုံကြီး တည်ဆောက်ပြီးစီးသည့်အခါ မြေညီထပ်တွင် ပြင်ပလူနာစမ်းသပ်ခန်းများ၊ ပထမထပ်တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် သွားကုသဆောင်များ၊ ဒုတိယထပ်တွင် ခွဲစိတ်ဆောင်များ၊ တတိယထပ်တွင် သီလရှင်ကုသဆောင်များ၊ စတုတ္ထထပ်နှင့် ပဉ္စမထပ်တို့တွင် ဆရာတော်ကြီးများအတွက် သီးသန့်ကုသဆောင်များ ဖွဲ့စည်းထားရှိပြီး ဓာတ်လှေကားတစ်စင်းနှင့် ယာဉ်အစီး ၂၀ ခန့် ရပ်နားနိုင်မည့် ယာဉ်ရပ်နားကွင်းတစ်ခုတို့ပါရှိမည်ဖြစ်ပါကြောင်း။

သံဃာ့ဆေးရုံကြီး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်းတစ်ထောင့်ငါးရာခန့် ကုန်ကျမည်ဖြစ်သဖြင့် ရွှေမိသားစုဖောင်ဒေးရှင်းနှင့်အတူ စေတနာရှင်ပြည်သူအများက မိမိတို့တတ်စွမ်းသမျှ ပါဝင်လှူဒါန်းနိုင်ရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်းဖြင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အလှူတော်ငွေများပေးအပ်ခြင်း အခမ်းအနားကိုကျင်းပရာ ဧရာရှေ့ဆောင်ကုမ္ပဏီမှ ငွေကျပ်သိန်း ၁၂၁၀၊ TZTM ကုမ္ပဏီ၊ အေဝမ်းကုမ္ပဏီ၊ Moon Ray ကုမ္ပဏီတို့က ငွေကျပ်သိန်း ၁၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မိုးကြယ်စင်ကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီ၊ Authentic ကုမ္ပဏီတို့က ငွေကျပ်သိန်း ၁၀၀၊ WEG ကုမ္ပဏီက ငွေကျပ် ၆၃ သိန်း၊ Diamond Wall ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ Asia Express ကုမ္ပဏီ၊ ရွှေသပြေကုမ္ပဏီနှင့် သော်တာဝင်းကုမ္ပဏီတို့က ငွေကျပ်သိန်း ၂၀ စီ၊ တက်လမ်းကုမ္ပဏီ၊ ဒိုင်းမွန်း မာကျူရီကုမ္ပဏီတို့က ငွေကျပ် ၁၅ သိန်းစီ၊ အောင်ချမ်းသာကုမ္ပဏီနှင့် ဦးသာတင့် - ဒေါ်ခင်ဆင့် မော်တော်ယာဉ်လုပ်ငန်းတို့က ငွေကျပ် ၁၀ သိန်းစီ၊ ကံသစ်ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ ဇမ္ဗူထွန်း မြေယာရှူခင်းအဖွဲ့၊ ဦးဝင်းဇော်ဦး ရွာကောက်တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးမြင့်စိုး စူပါစတားကားပစ္စည်းဆိုင်၊ ဦးလှထွန်း-ဒေါ်အေးအေး ရွှေလိပ်ပြာပွဲရုံ၊ ဦးကြည်ဝေ ရွှေချီရပ်၊ အာဟာရသုခဈေး ဈေးသူဈေးသားများနှင့် ပျဉ်းမနားမြို့မဈေး ဈေးသူဈေးသားများက ငွေကျပ်နှစ်သိန်းစီနှင့် အလှူရှင် ၂၈ ဦးတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦးနှင့် နေပြည်တော် ကောင်စီဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ ကျင်းပသည့် သံဃဗောသဇ္ဇဌာနဝိဟာရ ခြောက်ထပ်သံဃာ့ဆေးရုံကြီး တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင် ၅၃ ဦးတို့၏ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၉၅၂ ဒသမ ၁ သိန်းဖြစ်ပြီး ယခု ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင် ၅၂ ဦးတို့၏ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၂၀၇၁ ဒသမ ၉ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**



## နေရောင်ခြည်သုံး ဆိုလာစနစ် လက်တွေ့သရုပ်ပြ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစလောင်းဖြင့် ထမင်းဟင်းများချက်ပြုတ်နိုင်သည့် သရုပ်ပြပွဲတစ်ခုကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမဘေး မဟာဗန္ဓုလပန်းခြံအနီးရှိ အလယ်ကျွန်း၌ လက်တွေ့သရုပ်ပြချက်ပြုတ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယင်းဆိုလာစလောင်းတန်ဖိုးမှာ ဒေါ်လာ ၁၃၀ တန်ဖိုးရှိကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲကို ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။ **(၅၉၈)**





























### အများသိစေရန်ကြေညာချက်

သာကေတမြို့နယ်၊ ၁/အနော်မာ ရပ်ကွက်၊ ဧရာဝဏ်လမ်းနှင့် မင်းနန္ဒာ လမ်းထောင့်၊ အမှတ်(၆၇)တွင် ဆောက်လုပ်မည့် (၄½) ထပ်တိုက်အဆောက်အအုံကို လိုင်စင်ရကန်ထရိုက်တာ ဦးမြင့်သိန်း(ခ) ဘဲလူးဆွာမိ (LC-114)မှ လိုင်စင်ရကန်ထရိုက်တာ ဦးကျင်တိ (LC-48)သို့ ပြောင်းလဲဆောက်လုပ်ခွင့်ပြုပါရန် ဌာနသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်ရန် အကြောင်းရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ဤဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊
အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်ရှိ ဆန်းထူး မုန့်မျိုးစုံ ထုတ်လုပ်ရေးမှ တာဝန်ရှိသူ ဦးမောင်မောင်သွင်[၁၂/ဆကခ(နိုင်)၀၀၀၆၈၈]၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ထိုမုန့်တိုက်မှ ထုတ်လုပ်သော မုန့်မျိုးစုံတို့ကို အောက်ဖော်ပြပါ "ဆန်းထူးမုန့်တိုက်" အမည်ဖြင့် အောက်ခံလိမ္မော်ရောင်ပေါ်ရှိ အဝါရောင်အား အစိမ်းရောင်မျဉ်းကွေးများဖြင့် ဘောင်ခတ်၍ အဝါရောင်၏ အလယ်တွင် အနီရောင်ဖြင့်"ဆန်းထူး"အမည်ရေးသား ၍ ၎င်း၏အောက်တွင် အစိမ်းရောင်ဖြင့် မုန့်တိုက်ဟု ရေးသားထားသည့် အမှတ်တံဆိပ်ကို မူပိုင်အဖြစ် အသုံးပြု၍ ထုတ်လုပ်သော မုန့်မျိုးစုံကို မြန်မာတစ်နိုင်ငံလုံးဖြန့်ဖြူးရောင်းချရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင် ကြေညာစာချုပ်အမှတ် - ၄/၇၆၂/၂၀၁၁ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ဆန်းထူးမုန့်မျိုးစုံလုပ်ငန်းမှ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အထက်ဖော်ပြပါ အမှတ်တံဆိပ်နှင့် အမည်တို့ဖြင့် ထုတ်လုပ် ဖြန့်ချိရောင်းချလျက်ရှိသော မုန့်မျိုးစုံအား ဆင်တူယိုးမှားဖြစ်စေ၊ တုပ၍ဖြစ်စေ၊ထုတ်လုပ်ရောင်းချခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက တရားဥပဒေနှင့်အညီ ဆက်လက် အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးမောင်မောင်သွင်၏ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးလှမြင့်(သာယာဝတီ) | ဒေါ်ယုယုဆွေ |
| **(B.A,H.G.P,R.L)** | **(LL.B)** |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၃၀၂၁/၈၅) | (စဉ်-၃၂၂၇၈) |

အမှတ်(၁၄၉)၊မြရတနာ(၇)လမ်း၊ ခ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉ ၇၃၁၀၄၈၂၂၊ ၀၉-၄၂၁၁၂၁၀၄၆

# ပရီမီယာလိဂ် ရင်ခုန်သံ (၂၈)

ရှိုင်းမင်းမင်း

**မတ် ၂၊ ၃၊ ၅ ရက်တွေမှာ ကျင်းပမယ့် ပရီမီယာလိဂ် ပွဲစဉ်(၂၈)အနက်က ကျန်နေသေးတဲ့ ပွဲစဉ်တွေကို ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဒီပွဲစဉ်မှာ စပါးနဲ့ အာဆင်နယ်တို့လည်း ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းတယ်။**

**စပါး Vs အာဆင်နယ်** ည ၁၀း၃၀ (၃-၃-၁၃)

*ပထမအကျော့ရလဒ် အာဆင်နယ် ၅ - ၂ စပါး*

လန်ဒန်ဒါဘီပွဲစဉ်ဖြစ်တာကြောင့် အကြိတ်အနယ်ရှိမှာပါ။ အထူးသဖြင့် လက်ရှိအချိန်မှာ ဒီနှစ်သင်းစလုံးက ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အမှားအယွင်းမခံတဲ့ အနေအထားမျိုးလည်းဖြစ်နေတာကြောင့် အနိုင်ရရှိဖို့ ခြေကုန်ထုတ်မှုတွေနဲ့အတူ ပွဲကပိုမိုအကြိတ်အနယ်ရှိလာဖို့သေချာနေတယ်။ ဒီနှစ်သင်းစလုံးဟာ လက်ရှိအချိန်မှာ တိုက်စစ်ပိုင်း အားနည်းမှုတွေနဲ့ ရင်ဆိုင်နေကြရတာမှန်ပေမယ့် ကွင်းလယ်နဲ့ ခံစစ်ပိုင်းတွေမှာအာဆင်နယ်ထက် စပါးက ပိုမိုတောင့်တင်းမှုအပြည့်ရှိတယ်။ ဒါ့အပြင် အခုကစားရမှာကလည်း စပါးရဲ့အိမ်ကွင်းလည်းဖြစ်တယ်။ ဒါ့ကြောင့် အာဆင်နယ်အသင်းအနေနဲ့ ဒီပွဲမှာ ရှုံးကန်ရဖို့ရှိသလို အမှတ်ပြည့်ရယူနိုင်ဖို့လည်း မလွယ်ကူဘူး။

**ဗီလာ Vs မန်စီးတီး** နံနက် ၂း၃၀ (၅-၃-၁၃)

*ပထမအကျော့ရလဒ် မန်စီးတီး ၅ - ၀ ဗီလာ*

မန်စီးတီးအနေနဲ့ ချယ်လ်ဆီးကို အနိုင်ရခဲ့ပြီးတဲ့နောက်ပိုင်းမှာ မန်ယူကိုတတ်နိုင်သမျှ ဖိအားပေးလာဖို့ကြိုးစားလာမှာ သေချာတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အနိုင်ရရှိဖို့ အထူးအားစိုက်လာမှာလည်း သေချာတယ်။ ဒါ့အပြင်လက်ရှိအချိန်မှာ မန်စီးတီးဟာပြိုင်ပွဲတစ်ရပ်တည်းအပေါ်မှာသာ အာရုံစိုက်နေရသလို ခြေစွမ်းပိုင်းလည်းတည်ငြိမ်မှု အပြည့်ရှိနေတယ်။ ဗီလာကလည်း တန်းမဆင်းရရေးအတွက် အာရုံစိုက်ကစားလာမှာလည်းဖြစ်လို့ မန်စီးတီး လွယ်လွယ်နဲ့တော့ အနိုင်မရနိုင်ဘူး။ အထူးသဖြင့် ကွင်းကဗီလာကွင်းဖြစ်နေတာကြောင့် ဗီလာအမှတ်ရရှိရေးပိတ်ကစားလာရင် မန်စီးတီးမထင်မှတ်ဘဲ အခက်တွေ့နိုင်တယ်။

**ဆွမ်ဆီး Vs နယူးကာဆယ်** ည ၉း၃၀ (၂-၃-၁၃)

*ပထမအကျော့ရလဒ် နယူးကာဆယ် ၁ - ၂ ဆွမ်ဆီး*

ကက်ပီတယ်ဝမ်းဖလားကို အရယူနိုင်ခဲ့မှုကြောင့် ဆွမ်ဆီးရဲ့ ယုံကြည်စိတ်က ပိုမိုအားကောင်းလာနိုင်တယ်။ ဒါ့အပြင် ဆွမ်ဆီးဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ပိုမိုခြေစွမ်းပိုင်းတည်ငြိမ်တတ်တယ်။ ဒါပေမယ့် နယူးကာဆယ်ကလည်း ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိတယ်။ တန်မဆင်းရဖို့ အားစိုက်ကြိုးစားနေချိန်လည်းဖြစ်တယ်။ နယူးကာဆယ်အနေနဲ့ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိပေမယ့်လည်း ဒီပွဲမှာ အမှတ်ရအောင်ကြိုးစားလာဖို့ရှိတယ်။

**ဝီဂန် Vs လီဗာပူး** နံနက် ၀၀း၀၀ (၃-၃-၁၃)

*ပထမအကျော့ရလဒ် လီဗာပူး ၃ - ၀ ဝီဂန်*

ဝီဂန်ကတန်းမဆင်းရဖို့ ရုန်းကန်နေချိန်ဖြစ်တယ်။ ခြေစွမ်းကလည်းတည်ငြိမ်မှုရှိလာတဲ့အပြင် တိုက်စစ်ပိုင်းကလည်း ခုနောက်ပိုင်း ဂိုးသွင်းခြေရလာတာတွေ့ရတယ်။ ဒီပွဲမှာလည်း အမှတ်ရအောင် အကောင်းဆုံးပုံစံ ခံကစားလာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်တာကြောင့် ဝီဂန်ကို လီဗာပူး ခက်ခက်ခဲခဲကျော်ဖြတ်ရဖို့ရှိတယ်။ လီဗာပူးရဲ့ လက်ရှိ ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေတာ မှန်ပါတယ်။ လီဗာပူးတို့ အနိုင်ရဖို့ရှိပေမယ့် အခက်အခဲရှိတယ်။

# အင်တာမီလန်ပရိသတ်၏ လူမျိုးရေးခွဲခြားမှုကြောင့် ဘာလော့တယ်လီနှင့် အင်တာမီလန်အသင်း ဒဏ်တပ်ခံခဲ့ရ

အီတလီစီးရီးအေ ပွဲစဉ်(၂၆)၏ စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်သော အင်တာမီလန်အသင်းနှင့် အေစီမီလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့သည့် မီလန်ဒါဘီပွဲစဉ်တွင် အင်တာမီလန်အသင်းပရိသတ်များက အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီအား လူမျိုးရေးခွဲခြားခဲ့မှုကြောင့် အင်တာမီလန်အသင်းကို ယူရို ၅၀၀၀၀ ဒဏ်တပ်လိုက်ကြောင်း သိရသည်။

အင်တာမီလန်တိုက်စစ်မှူးဟောင်း ဘာလော့တယ်လီသည် မီလန်ဒါဘီ ပွဲစဉ်တွင် အသင်းသစ်အေစီမီလန်အသင်း၌ ပါဝင်ကစားစဉ် အင်တာမီလန်ပရိသတ်များက လေထိုးသွင်းနိုင်သော ငှက်ပျောသီးများဖြင့် ဝှေ့ယမ်းပြခဲ့ကြောင်း၊ သို့ရာတွင် အင်တာမီလန်အသင်းပရိသတ်၏ ယင်းအပြုအမူသည် အေစီမီလန်သို့ လေးနှစ်စာချုပ်ဖြင့်ရောက်ရှိလာသည့် ဘာလော့တယ်လီအား ရည်ရွယ်ရင်းလားဟု လေ့လာသုံးသပ်သူအချို့က မေးခွန်းထုတ်ခဲ့သည်။

ယင်းပွဲစဉ်တွင် အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီသည်လည်း အင်တာမီလန်ပရိသတ်များကို ရိုင်းပျစွာ ပြန်လည်တုံ့ပြန်ခဲ့သည်ဟုဆိုကာ ယူရို ၁၀၀၀၀ ဒဏ်တပ်ခံခဲ့ရသည်။



အင်တာမီလန် ပရိသတ်များ၏ လူမျိုးရေးခွဲခြားမှုများ ရပ်တန့်စေရန် ကြိုးပမ်းသည့်အနေဖြင့် တိုက်စစ်မှူး ဘာလော့တယ်လီက ၎င်း၏နှုတ်ခမ်းကို လက်ညှိုးဖြင့် တို့ထိကာ အချက်ပြခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် စီးရီးအေစည်းကမ်းထိန်းသိမ်းရေးကော်မရှင်ကမူ ဘာလော့တယ်လီအနေဖြင့် အင်တာမီလန်ပရိသတ်များကို ကိုယ်ဟန်လက်ဟန်ဖြင့် ပြန်လည်ပြုမူခဲ့သည်ဟုဆိုကာ ဒဏ်တပ်ခဲ့ခြင်းဖြစ်သည်။

ယင်းလူမျိုးရေးခွဲခြားမှုသည် ပထမပိုင်း ၁၁ မိနစ်မှစတင်ကာ ဒုတိယပိုင်း ပွဲကစားချိန် ၁၁ မိနစ်၊ ၁၅ မိနစ်၊ ၁၆ မိနစ်နှင့် ၁၉ မိနစ်များအထိ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း စီးရီးအေတာဝန်ရှိသူများကဆိုသည်။

နိုင်လင်းကြည်

## ကားမြန်နှုန်းမြင့် မောင်းခြင်းကြောင့် ထောင်ဒဏ်အပြစ်ပေးခံရဖွယ်ရှိနေသည့် ဘင်ဇီမာ

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာသည် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကားမောင်းခြင်းဆိုင်ရာ သတ်မှတ်မြန်နှုန်းထက် ပိုမိုမောင်းနှင်မှုကြောင့် ထောင်ဒဏ်အပြစ်ပေးခံရဖွယ်ရှိနေကြောင်း tribal football က ဖေဖော်ဝါရီ ၂၈ ရက်တွင် သတင်းဖော်ပြသည်။

တိုက်စစ်မှူးဘင်ဇီမာ၏ သတ်မှတ်မြန်နှုန်းထက် ပိုမိုမောင်းနှင်ခဲ့မှုအား မြန်နှုန်းတိုင်းတာကြည့်ရှုရေးကင်မရာက ဖမ်းယူကြည့်ရှုခဲ့ပြီးနောက် ပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် သုံးလ သို့မဟုတ် ခြောက်လကျခံရဖွယ်ရှိနေသည်ဟု ဆိုသည်။

ထို့ကြောင့် ယင်းပြစ်မှုနှင့်ပတ်သက်၍ ရင်ဆိုင်နေရသဖြင့် ရီးယဲလ်မက်ဒရစ်က ဂရန်နာဒါအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ၎င်းပါဝင်ကစားခဲ့သော်လည်း ဘာစီလိုနာနှင့်ကစားခဲ့သော ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့အတွက် ပါဝင်ရန် အခက်တွေ့ခဲ့ရကြောင်း သိရသည်။





## Mc Will® မိုဘိုင်းအင်တာနက်ဖုန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xinwei Building, No. 7 Zhongguancun Software Park, No. 8 Dongbeiwang West Road, Haidian District, Beijing, China နေ Mr Guanghan Xu (PhD), Chief Scientist ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းတည်ရှိသော ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့် Beijing Xinwei Telecom Technology Inc. တို့သည် "Broadband Wireless Systems With the capacity of 50000 subscriber liens" အတွက် နှစ်ဖက်သဘောတူ စာချုပ်များချုပ်ဆိုခဲ့ရာတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Mr Guanghan Xu (PhD) မှ လက်မှတ်ရေးထိုးခဲ့ပါသည်။

Beijing Xinwei Telecom Technology Inc. ကုမ္ပဏီဘက်မှ လက်မှတ်ရေးထိုးခဲ့သော Mr Guanghan Xu (PhD) သည် ရန်ကုန်မြို့၊ အမှတ်-၅၇၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်တွင် နေထိုင်သူ ဦးဇော်ဝင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[ ၁/မကန(နိုင်) ၀၂၆၄၁၅] Passport No. M 180769 ကိုင်ဆောင်သူအား (၂၆-၃-၂၀၁၂)ရက်စွဲဖြင့် General Power of Attorney နှင့် မြန်မာနိုင်ငံဒေသတွင်း ကိုယ်စားလှယ်လွှဲအပ်စာကို နိုင်ငံတကာတွင် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ Beijing Xinwei Telecom Technology Inc. ကုမ္ပဏီ၏ BOD ဆုံးဖြတ်ချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တရားဝင်လက်မှတ်ရေးထိုး၍ လွှဲအပ်ထားခဲ့ပါသည်။

သို့ဖြစ်ပါ၍ Beijing Xinwei Telecom Technology Inc.အနေဖြင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲစာနှင့်ဒေသတွင်း ကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးဇော်ဝင်းမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်ထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Beijing Xinwei Telecom Technology Inc.** ကုမ္ပဏီ၏ **Chief Scientist,**

**Mr Guanghan Xu** ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းသိန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၀၂)

ဦးခင့်အောင်
**LL.B (Passed with Credit),**
**LL.M, International Law.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၁)

ဖုန်း-၀၉ ၅၁၄၇၃၁၂၊ ၀၉ ၈၅၀၂၄၄၅၊ ၀၁-၆၅၀၂၂၀

## ရွှေရတုမှသည်-

၂၀၁၃ခုနှစ် မတ်လ ၁ရက် (သောကြာနေ့)

ရွှေရတုမွေးနေ့မှသည် ဇနီး၊ သမီး၊ သားတို့နှင့်အတူ အနှစ်တစ်ရာတိုင်တိုင် အပြုံးမပျက် ခရီးဆက်ကြပါစို့

မိုး

ဆု၊ နှင်း၊ သဲ နှင့် ပြည့်




## တစ်ဦးတည်းဖြစ်ကြောင်း

မမိုးသီတာ [၉/မကန(နိုင်)၁၃၄၅၅၁]၏ဖခင် ဦးစိုးမြင့်နှင့်ဦးပရင်မ်လာလ်တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။












# တံတားပေါ်မှ ကားတစ်စီး ထိုးကျ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၈**

မိတ္ထီလာမြို့နယ် သီးကုန်းရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးပေါ်၌ ဖေဖော်ဝါရီ ၂၆ ရက် ည ၁၁ နာရီတွင် နေပြည်တော်ပျဉ်းမနားရွှေချည်ရပ် သခင်ထွန်းအုပ်လမ်းနေ ယာဉ်မောင်း အောင်မျိုးဟန်(၂၁)နှစ် မောင်းနှင်သော ၃င/--- ဆပ်ကားခဲရောင်နှင့် ဇနီးသည် မပြည့်ဖြိုးဝေ(၂၄)နှစ်နှင့်အတူ ရန်ကုန်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၂၈၂/၂)နွားစာငုတ်တံတားအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တံတား၏ဘယ်ဘက် လက်ရန်းတိုင်များအား တိုက်မိပြီး ကားမှာ ပေ ၃၀ ခန့် အနက်ချောက်ထဲသို့ ထိုးကျသွားခဲ့သည်။

တံတားအောက်ကားကျသွားသဖြင့် ကားပေါ်ပါ အောင်မျိုးဟန်၏ ဇနီးမပြည့်ဖြိုးဝေမှာ ဒဏ်ရာများရရှိသွားသဖြင့် မိတ္ထီလာဆေးရုံသို့တင်ပို့စဉ် ရရှိသောဒဏ်ရာဖြင့်သေဆုံးသွားခဲ့သည်။ မပြည့်ဖြိုးဝေမှာ ကိုယ်ဝန်အရင့်အမာဖြင့်သေဆုံးသွားခြင်းဖြစ်သည်။ ကားတိမ်းမှောက်ရာသို့ သီးကုန်းရဲစခန်းမှူးရဲအုပ်မင်းလွင်နှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ပြီး



ယာဉ်မောင်း အောင်မျိုးဟန်အား သီးကုန်းရဲစခန်းက (ပ)၄/၂၀၁၃၊ ပုဒ်မ ၃၃၈/၃၀၄(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။

(ဦးတင်လှိုင်)

# ဝါယာများ အပူလွန်ကဲပြီး မီးလောင်

**တာချီလိတ် ဖေဖော်ဝါရီ ၂၈**

တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်(၁/၁၅၃)တွင် အိမ်ခန်းငှားနေထိုင်ပြီး ကုန်စုံဆိုင်ဖွင့်ထားသည့် ဦးစိုင်းဆမ်၏နေအိမ်တွင် ဖေဖော်ဝါရီ ၂၆ ရက် ည ၁၀နာရီခွဲခန့်က လျှပ်စစ်မိန်းခုံမှ ဝါယာများအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားရာ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုးထွဋ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းမှူး ဦးကျော်ကိုကို ဦးစီးသော သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများက မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် စုပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မီးလုံးဝငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ကုန်စုံဆိုင်အတွင်းရှိ ပစ္စည်းများ စုစုပေါင်းငွေကျပ်သုံးသောင်းဖိုးခန့် ဆုံးရှုံးသွားခဲ့ကြောင်း၊ မီးပေါ့ဆသူ ဦးစိုင်းဆမ်အား တာချီလိတ် ရဲတပ်ဖွဲ့စခန်းက ပြစ်မှု ဆိုင်ရာပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၉၃)

# သရက်မြို့နယ် ပိတောက်ပင်ဒေသ မီးလောင်



**သရက် ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပိတောက်ပင်ဒေသ ရေနံလက်ယက်တွင်းတိမ်များ တူးဖော်ထုတ်လုပ်ခွင့်ရ ရွှေရာသီကုမ္ပဏီလုပ်ကွက်အတွင်း ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါလုပ်ကွက်အတွင်းရှိ ယာယီကျင်းအမှတ်(၅)တွင် ရေနံတွင်းလုပ်သား ကိုကျော်လှ (၃၅)နှစ် ညောင်ကုန်းကျေးရွာ ပခုက္ကူမြို့နယ်သည် ကလပ်ခုံအင်ဂျင်စက်တို့ဖြင့် ရေနံခပ်ယူနေစဉ် ရေနံခပ်ခွက်သံကိုင်းနှင့် ရေနံတွင်းကာပိုက်တို့ ပွတ်တိုက်မိရာ ရေနံတွင်းအတွင်းမှ မီးထွက်လောင်ကျွမ်းခဲ့သဖြင့် ခပ်ယူပြီးရေနံစိမ်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး ရေနံတွင်းလုပ်သား ကိုကျော်လှသည် ဝဲ၊ ယာ လက်နှစ်ဖက်နှင့် ရင်ဘတ်တို့တွင် မီးလောင်ဒဏ်ရာများ ရရှိသဖြင့် သရက်ခရိုင် ပြည်သူ့ဆေးရုံမှ ပြည်မြို့ဆေးရုံသို့ လွှဲပြောင်းကုသပေးလျက်ရှိသည်။

ကိုကိုအောင် (သရက်)

# သန့်ရှင်းရေးအမျိုးသားတစ်ဦး ကားတိုက်၊ နေရာ၌ သေဆုံး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းတွင် အရှေ့ဘက်မှ အနောက်ဘက်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးမှာ သန့်ရှင်းရေးလုပ်ဆောင်နေသော အမျိုးသားတစ်ဦးအား တိုက်မိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။ ယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁ နာရီခွဲခန့်တွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ရဲရန်အောင်မှတ်တိုင်အနီး ကမ္ဘောဇဘဏ်ရှေ့တွင် အရှေ့ဘက်မှ အနောက်ဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်း (စုံစမ်းဆဲ)ယာဉ်က လမ်း၏ ယာဘက်ခြမ်းတွင် မျိုးမင်း(၃၆)နှစ်မှာ ဇနီးဖြစ်သူ မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေး(နေ့စား) မတင်မာဦး သန့်ရှင်းရေးဝန်ထမ်း ကျန်းမာရေးမကောင်းသဖြင့် ဝိုင်းဝန်းသန့်ရှင်းရေး လုပ်ဆောင်ပေးနေစဉ် အဆိုပါယာဉ်နှင့်တိုက်မိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် ယာဉ်မောင်း (စုံစမ်းဆဲ) အား မရမ်းကုန်းရဲစခန်းက (ပ)၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄(က)/၂၀၂ ဖြင့် ယာဉ်မှုစစ် ဒုရဲအုပ်မျိုးအောင်က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဇော်ကြီး(ပဏ္ဍိတ)

**မင်္ဂလာဆုတောင်း**

ညီငယ်၊ ညီမငယ်တို့အပေါ် ကျေးဇူးကြီးလှသော အစ်ကိုကြီး ဦးတင်အေးနှင့်ဇနီး ဒေါ်တင်လှုံ(ပန်းအိဖြူ) (ထီးရောင်းဝယ်ရေး)တို့၏ ၁-၃-၂၀၁၃ ရက်တွင် ကျရောက်သော (၃၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်း နိုင်ပါစေ။

ဦးမျိုးမြင့်ကျော်-ဒေါ်အေးအေးမူ
ကျော်ဘက်ထရီရောင်းဝယ်ရေး(ဗဟန်း)

**မင်္ဂလာဆုတောင်း**

ညီငယ်၊ ညီမငယ်တို့အပေါ် ကျေးဇူးကြီးလှသော အစ်ကိုကြီး ဦးတင်အေးနှင့်ဇနီး ဒေါ်တင်လှုံ (ပန်းအိဖြူ ထီးရောင်းဝယ်ရေး)တို့၏ ၁-၃-၂၀၁၃ ရက်တွင် ကျရောက်သော (၃၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ပန်းငါးပွင့်ထီးမျိုးစုံလက်လီလက်ကား
မင်္ဂလာဈေး

သန်းဒွေးနှင့်ရောင်းရင်းများ ကျိုက်ထီးရိုး ချောင်းသာ နေ့စဉ်
(Mar - 1/8/11/15/22/23/25)
ထွက်မည့်ရက် - Mar : 1/8/15/22/25/29, Apr : 5/11/12/17/26
Ph : 241863, 380141, 09-43043109

'Nice' Fare Travel — 'Nice' 'Fair' IATA
ကိုရီးယား ခရီးစဉ် (12 - 19 Apr)
ဟောင်ကောင် ခရီးစဉ် (13 - 20 Apr)
ဂျပန် ခရီးစဉ် (12 - 19 Apr)
ဗီယက်နမ် ခရီးစဉ် (11 - 17 Apr)
ဘန်ကောက် ၊ ပတ္တရား ခရီးစဉ် (11, 12, 13 Apr)
ဘန်ကောက်ပူးခက် ခရီးစဉ် (13 - 17 Apr)
စင်ကာပူ ၊ မလေး ခရီးစဉ် (13 - 20 Apr)
(Hotel 4 Star)
Nice Fare Travel Co.,Ltd.

SUSHI HOUSE ( MYANMAR )
ဂျပန်စာ စားသုံးသူများအတွက် အထူးအစီအစဉ် အထူးနှုန်း
ဂျပန် Seafood ... SALMON SASHIMI-SANNMA ...
၁။ အမှတ်(၂၄၇/၂၆၉) ... DELTA PLAZA ... Ph:552772
၂။ ... B-1 ... Ph:0973050342
၃။ အမှတ်(၈၆/B) ... Ph:511203

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရွှေထူးလွင် ဘုရားဖူးပို့ဆောင်ရေး

ကောင်းထက်ကျော်
ကိုယ်ပိုင်အထက်တန်းကျောင်း
PRIVATE Grade - 11
Hot Line - 01 545440, 01 552348, 09 420 700013, 09 420 700012
ကြိုတင်အပ်နှံမှုသာ

# အထက်မြန်မာပြည်သတင်း

## မန္တလေးမြို့ပြည်သူများ နွေရာသီရေလုံလောက်စွာသုံးစွဲနိုင်ရေး ရောဝတီမြစ်ရေသန့်စင် ရေတွန်းစက်ရုံကြီး ဖွင့်လှစ်မည်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနက မန္တလေးမြို့တော် နွေရာသီရေလိုအပ်ချက်အတွက် ရေဂါလန် ၁၀ သန်း ထပ်တိုးဖြန့်ဝေပေးနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ ဧရာဝတီမြစ်ရေကိုသန့်စင်၍ ရေဂါလန် ထပ်တိုး ဖြန့်ဝေပေးနိုင်ရန်အတွက် အမှတ်(၈)ရေတွန်းစက်ရုံကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၁၇)လမ်းနှင့် (၁၉) လမ်းကြား မြို့ပတ်ကမ်းနားလမ်း ဧရာဝတီမြစ်ကမ်းတွင် ၂၀၁၀ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် တည်ဆောက်မှု ပြီးစီးခဲ့သည်။**(အပေါ်ယာပုံ)**

မန္တလေးမြို့တွင် ရေပေးဝေမှုအတွက် နေ့စဉ်ရေဂါလန် ၃၅ သန်းခန့် လိုအပ်လျက်ရှိသည်။ လက်ရှိတွင် ဧရာဝတီမြစ်ကမ်းရှိ စက်ရေတွင်း ၂၆ တွင်းမှ ရေများကိုစုပ်ယူပြီး မလွန် ရေတွန်းစက်ရုံအပါအဝင် ရေတွန်း စက်ရုံခုနစ်ခုမှ ရေဂါလန်၂၄ သန်း ဖြန့်ဖြူးပေးလျက်ရှိသည်။ မန္တလေးနန်းမြို့နှင့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံ မြို့နယ်များတွင် ကျုံးရေပိုက်လိုင်းများ တိုးချဲ့ချထား၍ နေ့စဉ် ရေဂါလန်နှစ်သန်းခန့် ဖြန့်ဝေပေးလျက်ရှိသည်။

မန္တလေးမြို့တွင် မြေအောက်ရေကိုသာ အဓိကသုံးစွဲနေကြရာ အချိန်ကြာလာသည်နှင့်အမျှ မြေအောက်ရေသယံဇာတလျော့နည်းလာ၍ ဧရာဝတီမြစ်ရေကို အနည်ကျကန်များ တည်ဆောက်၍ သန့်စင်ကာ သုံးစွဲနိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ဧရာဝတီမြစ်ရေ သန့်စင်ရေပေးရေးအတွက် နိုင်ငံခြားငွေအပါအဝင် ကျပ်သိန်း ၄၅၀၀၀ ကုန်ကျသည်။ မန္တလေးမြို့တွင် ရေလုံလောက်စွာပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး အဓိကလိုအပ်ရာ မန္တလေးတိုင်းဒေသကြီး မြန်မာ့လျှပ်စစ်ဓာတ်အားနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဒီဇယ်သုံး ဓာတ်အားပေးစက်ကြီးများဖြင့် ချိတ်ဆက် ရေပေးဝေနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(မောင်ပြည်သူ)**



## အပူပိုင်းမိုးနည်းရေရှားဒေသ ရေကောင်းရေသန့်ရရှိရေး မြေအောက် အဝီစိစက်ရေတွင်း လွှဲပြောင်းပေးအပ်

**ညောင်ဦး ဖေဖော်ဝါရီ ၂၈**

အပူပိုင်းမိုးနည်းရေရှားဒေသရှိပြည်သူများ ရေကောင်းရေသန့်ရရှိရေးအတွက်ရည်ရွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် မြေအောက်ရေတူးဖော်ခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မီးလောင်ဖျားကျေးရွာ၌ ဌာန၏ရန်ပုံငွေကျပ် ၁၂ သိန်းကုန်ကျခံ၍ တူးဖော်ခဲ့သည့် စက်ရေတွင်းအား အဆိုပါကျေးရွာသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က မီးလောင်ဖျားကျေးရွာ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းမြင့်က အမှာစကားပြောကြားပြီး ကျေးရွာရေရရှိရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေသို့ စက်ရေတွင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ထင်းအစား အခြားလောင်စာသုံးစွဲရေး၊ ထင်းသုံးစွဲမှုလျှော့ချသည့် စွမ်းအားမြင့် အေဝမ်းမီးဖိုသုံးစွဲရေး ပညာပေးဟောပြောပွဲကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညောင်ဦးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုး-၂ ညောင်ဦးမြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်လှိုင်တို့က ဟောပြောခဲ့ကြသည်။

ကျေးလက်အညာဒေသနေပြည်သူများသည် အခက်အခဲဖြစ်သည့် သောက်သုံးရေလုံလောက်စွာ ရရှိဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသ၏ ရေကောင်းရေသန့်ရရှိရေးအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသည်။ **မောင်မောင်ဦး (ညောင်ဦး)**



## ပခုက္ကူအညာဒေသ ခိုင်းနွားဈေးကွက်

**ပခုက္ကူ ဖေဖော်ဝါရီ ၂၈**

ပခုက္ကူအညာဒေသ ခိုင်းနွားဈေးကွက်သည် အနိမ့်ဆုံး လေးသိန်း၊ ငါးသိန်းမှ ကိုးသိန်း၊ ၁၀ သိန်း အမြင့်ဆုံးဈေး ပေါက်လျက်ရှိသည်။ ပခုက္ကူမြို့နယ် မီးသွေးကန်ရွာကြီးတွင် ခိုင်းနွား ၁၈၀ ဝန်းကျင်ရှိပြီး တောင်သူဦးရေ ၉၀ ခန့်ရှိကြောင်း သိရသည်။ ခိုင်းနွား ရှိ၊ မရှိ အနေအထားသည် တောင်သူလယ်ယာ လုပ်ကိုင်သောဦးရေ၌ မူတည်သည်။ တောင်သူများသည် နွားတစ်ကောင်အား ၁၀ နှစ်အထိသာ ခိုင်းကြပြီး အိုမင်းမစွမ်းခင် ဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။ "နွားတစ်ကောင်ခိုင်းဖို့ဆိုရင် ခြောက်ချောင်းပဲပေါက် ရှစ်ချောင်းမရောက်ခင် ကောင်းကောင်းခိုင်းလို့ရပြီ၊ အချို့က နှစ်ချောင်းဆိုရင် နောက်လိုက်နွားအနေနဲ့ သုံးကြပါတယ်" ဟု တောင်သူတစ်ဦးက ရှင်းပြသည်။ နှစ်ချောင်း၊ ခြောက်ချောင်းပဲပေါက်ဆိုသည်မှာ နွားဝေါဟာရဖြစ်ပြီး သွားနှစ်ချောင်း၊ သွားခြောက်ချောင်း၊ သွားရှစ်ချောင်းကို ဆိုလိုခြင်းဖြစ်သည်။ နွား လေးနှစ်သားအရွယ်ရှိကသားပေါက်သည်။ တစ်ခါမွေးလျှင် တစ်ကောင်သာ မွေးလေ့ရှိသည်။ နှစ်ကောင် သုံးကောင်မွေးသည့်နွားမရှားသည်ဟုလည်း သိရသည်။ နွားမတစ်ကောင် ၁၀ သား၊ ၁၂ သားထိကျသည်။

မီးသွေးကန်ရွာကြီးတွင် ခိုင်းနွားအပြင် နွားမအပါအဝင် အကောင်ရေ ၅၀၀ ခန့်ရှိသည်။ ထွန်ယက်အငှားလိုက်ရာ၌ တစ်မနက် ကျပ် ၅၀၀၀ ဈေးရှိရာတွင် အငှားလိုက်သူ နည်းသည်။ ကုန်းဒေသထွန်ရာ၌ ကျွန်းမြေထွန်သလို နံနက် ၉ နာရီ မပြီးစီးဘဲ ၁၂ နာရီ ၁ နာရီထိ ထွန်ယက်ပေးရသည်။ ကျွန်းမြေထွန်ခမှာ ကျပ်၃၅၀၀ ဈေးရှိသည်ဟု နွားတစ်ရှည်း ထွန်ယက်မှုကို ရှင်းပြသည်။ ပခုက္ကူဒေသ၌ မြန်မာမျိုးနွား အများဆုံးရှိပြီး ရေစကြိုမြို့နယ် ပေါက်တော၊ ရွှေလှံ၊ ပိတောက်ပွင့်၊ နှောင်းဘနယ်မြေဒေသများသည် နွားချော နွားလှနှင့် ခိုင်းနွားကောင်း ထွက်ရှိသည်ဟု နာမည်ကြီးသည်။ နွားကျောင်းခမှာ တစ်လကျပ် ၂၀၀၀ ဖြစ်သည်။ တောင်သူဦးကြီးအများစုသည် နွားတစ်ကောင် ငါးနှစ်အတွင်း ခိုင်းနွားအဖြစ်သုံး၍ ပြန်ရောင်းထုတ်ကြသည်။ ပခုက္ကူဒေသတွင် မြစ်ခြေ၌ ခုနစ်ရက်တစ်ကြိမ် နွားဈေးရှိသော်လည်း အများအားဖြင့် နွားဝယ်လက်များက အိမ်အရောက်၊ ရွာအရောက် လာရောက်ဝယ်ယူမှု အားကောင်းနေကြောင်းလည်း သိရသည်။

နွားနှင့်အတူ လှည်းအိမ်ဈေးသည်လည်း သံဘီးလှည်းသည် တစ်သိန်း၊ ကားဘီးလှည်း(သစ်သားဝင်ရိုး) နှစ်သိန်း ၇ သောင်း၊ ဘောနဲ့လှည်း သုံးသိန်းဝန်းကျင်ရှိသည်။ "ဘောနဲ့လှည်းက မြေပြန့်ဒေသမှာပဲ ကောင်းတယ်၊ အတက်အဆင်းများတဲ့ဒေသနဲ့ မကိုက်ဘူး။ ဘောပါတော့ သွက်တယ်။ နွားကို ဒုက္ခပေးနိုင်တယ်"ဟု ဒေသခံတစ်ဦးကပြောသည်။ ပခုက္ကူအညာ ဒေသမြေပြန့်လှည်းနှင့် ယောချောင်းဝန်းကျင် လှည်းအိမ် မတူညီကြပေ။ ယောချောင်းဘေးရွာများသည် ခုံးအဆင်း အတက်များ၍ လှည်းအိမ်သေးလျက် မြေပြန့်လှည်းမှာမူ ယောလှည်း အိမ်ထက်ကြီးသည်ကို သိရှိရပါသည်။

**(နေဦးမောင် -ပခုက္ကူ)**

## နပျိုမှုကိုထိန်းသိမ်းရန် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်

ကိုယ်လက်လှုပ်ရှားမှုကို တစ်နေ့နာရီဝက်ခန့် လှုပ်ရှားရုံမျှဖြင့် လူရောစိတ်ပါနုပျိုစေနိုင်ပြီး ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် ၁၆ မိနစ်သာ လေ့ကျင့်ခန်းပြုလုပ်သူများအနေဖြင့် တစ်ပတ်လျှင် သုံးနာရီမျှလေ့ကျင့်ခန်းပြုလုပ်သူထက် အိုမင်းမှုကို ပိုမြန်စေနိုင်ကြောင်း သိရသည်။ အားလပ်ချိန်အများစုကို အိပ်ရာထဲလဲလျောင်းပြီး အချိန်ကုန်စေပါက ကိုယ်လက်လှုပ်ရှားမှုပြုလုပ်သူများထက် ၁၀ နှစ်ခန့်ပိုမိုအိုမင်းမှု ဖြစ်စေကြောင်း၊ ဆေးလိပ်သောက်ခြင်းက စောစီးစွာအိုမင်းမှုကို ဖြစ်စေနိုင်သလို ကိုယ်လက်လှုပ်ရှားမှု မရှိသည့် လူနေမှုပုံစံမှာလည်း အိုမင်းမှုကို ၁၀ နှစ်ခန့် ပိုမိုမြန်ဆန်စေနိုင်သည်ကို သတိပြုရန်လိုအပ်ကြောင်း ဆေးပညာရှင်တို့က အကြံပြုပြောကြားသည်။ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းဖြင့် နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါများကို အထောက်အပံ့ဖြစ်စေပြီး ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်ခြင်းသည် အသက်ရှည်မှုကို ဖြစ်စေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဇိနမာန်အောင်လောကချမ်းသာ ကြေးဘုရားကြီး ရွှေထီးတော်တင်လှူ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဧမြဝတီရပ် ဇိနမာန်အောင်လောကချမ်းသာကြေးဘုရားကြီး၏ စိန်ဖူးတော်၊ ရွှေထီးတော်နှင့် ပြာသာဒ်များမှာ ငလျင်ဒဏ်သင့်ခံခဲ့ရသောကြောင့် ယိုယွင်းသွားခဲ့သည့်အတွက် စိန်ဖူးတော်၊ ရွှေထီးတော်များ အသစ်ပြန်လည်ပြုပြင်ပြီး၍ ဗုဒ္ဓဘိသေကမင်္ဂလာပြုလုပ်ခြင်းနှင့် ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဒါယကာ၊ ဒါယိကာမများမှ ရွှေထီးတော်နှင့် စိန်ဖူးတော်ကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ သံဃာတော်အရှင်သူမြတ်များက အနေကဇာတိသံသရံအစရှိသော ဥဒါန်းဂါထာတော်မြတ်တို့ဖြင့် ပူဇော်ကြပြီး မိုးကောင်းတိုက်အလယ် ရွှေကျောင်းကြီးဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ အနုမောဒနာတရားတော်များနာကြားပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဇိနမာန်အောင် လောကချမ်းသာကြေးဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်းမှ ရွှေထီးတော်၊ စိန်ဖူးတော်များကို ယာယီမဏ္ဍပ်ပေါ်သို့ ပင့်ဆောင်ပူဇော်ပြီး ဒါယကာ၊ ဒါယိကာမများက ရွှေထီးတော်အဆင့်ဆင့်နှင့် စိန်ဖူးတော်အား ဘုရားကြီးပေါ်သို့ ပန်းရထားဖြင့် တင်လှူပူဇော်ကြသည်။ ငလျင်ဒဏ်ကြောင့် အမြင့်ပေ ၉၀ ရှိ ပြာသာဒ်တော်ကြီးမှာ အမြင့် ၂၅ ပေ လှုပ်ခါယိမ်းယိုင်ပြီး ခါးပြတ်အက်ကွဲ၍ ယင်းကျောင်းတိုက် ပဓာနနာယကဆရာတော်ဦးနာယကက ဦးစီး၍ ဒါယကာ၊ ဒါယိကာမများ၏ စုပေါင်းအလှူငွေဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၂၂၅)**


**မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**


## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၊ ဗိုလ်ချုပ်စက်ကန် အမှတ်(၃)မှ အနက်ပေ ၃. ၅ ပေ၊ မြေကျင်းပေါင်း ၁၀၄၅၁ ကျင်း တူးဖော်၍ မြေကြီးရယူခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချမည့်ရက် | - | ၄-၃-၂၀၁၃ ရက်မှ ၁၂-၃-၂၀၁၃ ရက်ထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - | (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော် |
| | | - | (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄။ | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | - | ၁၂-၃-၂၀၁၃ ရက် (အင်္ဂါနေ့) |
| | အချိန်နှင့်နေရာ | - | ၁၂:၀၀နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် |
| | တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန် | - | ၁၂-၃-၂၀၁၃ ရက်၊ ၁၃:၀၀နာရီ |

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**

## အမြန်ရောင်းမည်

လက်ရှိအသုံးပြုဆဲ ကွန်ပျူတာများ အထူးလျှော့ဈေးဖြင့် အမြန်ရောင်းမည်။
**ဖုန်း-၀၉ ၅၁၀၈၄၅၆၊ ၀၉-၂၀၀၂၁၂၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁၄ယ/၉၉၃၄၆ Kenbo 110 m/c ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်နန်းအောင်ဆီ[၁၃/လခန(နိုင်)၀၀၀၃၇၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁၅ယ/၅၅၄၁၁ အမျိုးအမည် Luojia 110 အမျိုးအစား m/c ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် [၁၃/ကလတ(နိုင်)၀၂၄၁၆၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကျောက်မဲမြို့**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်ကြီး(၅၇)၊ အမှတ်(၁၁)၊ ဧရိယာ (၀. ၀၉၈) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးဘိုဘိုထွန်း [၁၃/ကတန(ဧည့်)၀၀၀၀၄၉]ထံမှလည်းကောင်း၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်ကြီး(၅၇)၊ အမှတ်(၈၉)၊ ဧရိယာ (၀. ၁၀၅) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးစောရွှေ[၁၃/လခန(နိုင်)၀၂၃၆၂၇]ထံမှလည်းကောင်း၊ ဒေါ်နန်းကြည်ယဉ်(ခ)နန်းလာ [၁၃/ကတန(ဧည့်)၀၀၀၁၈၁]က အပြီးအပိုင်ဝယ်ယူပြီး ဖြစ်ပါသည်။

ယင်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများပြည်သူသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မြန္ဒာကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၄)**
**အမှတ်(၂၁၈)၊သဇင်လမ်း(၃)၊အနောက်ပင်စင်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉ ၄၂၈၃၄၇၇၀၅၊ ၀၈၁-၂၀၂၀၇၇**

## အမည်ပြောင်း

မိုးမိတ်မြို့၊ အထက ပဥ္စမတန်း(အေ)မှ (အဖ) ဦးတင်ထွန်းနိုင်၏သမီး မဖြူစင်ထွန်းနိုင်၏အမည်မှန်မှာ မဖြူစင်သန့်ဖြစ်ပါသည်။

**မဖြူစင်သန့်**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်ကြီး(၅၇)၊ အမှတ်(၆၄)၊ ဧရိယာ (၀. ၁၀၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးစောရွှေ [၁၃/လခန(နိုင်)၀၂၃၆၂၇]ထံမှ ဦးဇော်ဇော် [၁၃/ကတန(ဧည့်)၀၀၀၀၅၄]က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မြန္ဒာကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၄)**
**အမှတ်(၂၁၈)၊သဇင်လမ်း(၃)၊အနောက်ပင်စင်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉ ၄၂၈၃၄၇၇၀၅၊ ၀၈၁-၂၀၂၀၇၇**

## အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



**(ယမန်နေ့မှအဆက်)**

"ဘာမျှော်လင့်ချက်တွေ ရှိသေးတာလဲ"

" ဩော် . . . မဖြစ်နိုင်ဘူး ထင်ခဲ့တာတွေဟာ ဖြစ်လာတယ်ဆိုတော့ ကျွန်တော့် အာသာဝတီနွယ်နီ နတ်ပန်းလည်း ပွင့်နိုင်သေးတာပေါ့"

"အင်း . . . ပွင့်မှပါပဲ၊ မပွင့်ရင် ခင်ဗျားလည်း ဘယ်တော့မှ ပြည့်ဝတဲ့လူသားဘဝကို ရမှာမဟုတ်ဘူး"

"အလို ဘာဆိုင်လို့ "

"ဘင်ဂျမင်ဖရန်ကလင်က ဆိုထားတယ်၊ လက်မထပ်ရသေးတဲ့ လူတစ်ယောက်ဟာ ဘက်ပဲ့နေတဲ့ ကတ်ကြေးနဲ့ တူသတဲ့၊ ဒီမှာ ကိုမြင့်နွယ် ကျွန်တော်လည်း ခင်ဗျားတို့ စာပေသမားတွေနဲ့ပေါင်းတာမို့ ဦးဩဘာသ ချန်ထားတဲ့စာလေး ထပ်ဖြည့်လိုက်ဦးမယ်"

"လုပ်စမ်းပါဦး"

"မောင်တစ်ကျိပ်ပင်ရှိလင့်ကစား လင်မရှိသော မိန်းမသည် အချည်းနှီးတည်းဆိုတာကို ဆိပ်ကမ်းကျွန်းသောင် ရှိလင့်ကစား ရေမရှိသောမြစ်သည် အချည်းနှီးတည်းဆိုတဲ့စကားနဲ့ ဦးဩဘာသက ယှဉ်ပြထားတယ်၊ ကျွန်တော်ဖြည့်ချင်တာက ဒီလို၊ စက်ရွက်ပဲ့စုံ ရှိလင့်ကစား ဆိပ်ကမ်းမရှိသော သင်္ဘောသည် အချည်းနှီးတည်း၊ ရာထူးဘွဲ့ဂုဏ် ရှိလင့်ကစား မယားမရှိသော ယောကျ်ားသည် အချည်းနှီးတည်း၊ ဆိပ်ကမ်းမရှိတဲ့ သင်္ဘောလိုပေါ့၊ ဟား . . . ဟား . . . "

ဦးညိုလဲ့ ပစ်ချက်မှာ မှန်လွန်းသွားသဖြင့် ရှေ့မှ လူပျိုကြီးနှစ်ဦးမှာ ရုတ်တရက် မဖြေနိုင်ဘဲ တဟဲဟဲသာ လိုက်ရယ်ကြရ၏။

နှစ်ဆယ့်တစ်မိုင် စခန်းသို့ ရောက်လာသောကြောင့် ကားသည် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့၌ ထိုးရပ်လိုက်၏။

ကားအင်ဂျင်အေးစေရန်နှင့် လူများလည်း အညောင်းပြေရန် လက်ဖက်ရည်ဆိုင်တွင် ခေတ္တနားကြသည်။

ဦးညိုလဲ့က လက်ဖက်ရည်မှာသည်။ ဦးတုတ်ဝင်းနှင့် ဦးမြင့်နွယ်တို့က နို့မပါသော ကော်ဖီခါးခါး တစ်ခွက်စီ မှာကြ၏။

ဦးမြင့်နွယ်၏ ကားနောက်ပိုင်း ပစ္စည်းတင်အခန်းတွင် ဂေါက်အိတ်သုံးအိတ်ကို မြင်နိုင်၏။ မနီးမဝေးတွင် ရပ်ထားသော ကားနှစ်စီး သုံးစီးတို့ အတွင်းဆီ၌လည်း ဂေါက်အိတ်များကို မြင်ရ၏။ ကော်ဖီသောက်ရာမှ ဦးမြင့်နွယ်က မှတ်ချက်ပေး၏။

" စနေ နေ့တစ်ဝက် ကျွန်တော်တို့ချည်း ပြင်ဦးလွင် ဂေါက်ရိုက်ဖို့တက်သလား အောက်မေ့တယ်၊ တခြား ဂေါက်သမားတွေလည်း တက်တာကိုး "

"ဦးမြင့်နွယ်က ရောက်စမို့ မသိသေးတာပါ၊ မန္တလေးက တကယ့်ဂေါက်သမားမှန်ရင် စနေ တနင်္ဂနွေဆို ပြင်ဦးလွင် လုတက်ကြတာပဲ၊ ပြင်ဦးလွင်ကွင်းကလည်း ကောင်းတယ်လေ၊ ပြင်ဦးလွင်မှာ မရိုက်ဖူးသေးရင် ဂေါက်သမားအစစ် မဟုတ်သေးဘူး "

ဦးတုတ်ဝင်း၏ စကားကြောင့် ဦးမြင့်နွယ်က ပြုံးသည်။

"ဒီလိုဆို ကျွန်တော် ဂေါက်သမားအစစ် မဟုတ်သေးဘူးပေါ့ "

ဦးတုတ်ဝင်းက ရယ်နေရာ ဦးညိုလဲ့က ဝင်ပြောသည်။

"ဟုတ်တယ်၊ ကိုတုတ်ဝင်းကမှ ဂေါက်သမားအစစ်၊ သူ ပြင်ဦးလွင် တစ်ခါတက်ရိုက်ရင် ချုံထဲမှာ ဘောလုံးလေးငါးလုံး စွန့်ထားခဲ့လေ့ရှိတယ်၊ ဟန်ဒီကက်ပ်ကလည်း ရာသက်ပန် နှစ်ဆယ့်လေးချည်း မဟုတ်လား"

"ရပ်ဖ်တွေက တော်တော်ခက်သလား"

"ဖဲယားဝေး ကောင်းသလောက် ရပ်ဖ်က တကယ့်ရပ်ဖ်၊ ဖြောင့်ဖြောင့် မရိုက်တတ်ရင်တော့ ခင်ဗျားကိုတုတ်ဝင်းလိုပဲ ဘောလုံးဝေဿန္တရာ လုပ်ခဲ့ရမှာ"

ဦးတုတ်ဝင်းက မခံချင်ဟန်ဖြင့် "ဒီနေ့ကြည့်ကြသေးတာပေါ့၊ ကျွန်တော်တစ်ပတ်လုံး ဂျက်နစ်ကလပ်စ် စာအုပ်ဖတ်ပြီး ကျင့်ထားတာ"ဟု ဆိုသည်။

စကားပြောနေရင်း ဦးမြင့်နွယ်၏ မျက်လုံးတို့က တစ်နေရာသို့ ရောက်နေမိ၏။

မလှမ်းမကမ်းတွင် အင်ဂျင်ပူနေသည်ကို အေးရန် ရေလဲထည့်နေကြသော ကားကြီးများရှိနေသည်။ ယင်းကားကြီးများအနီးတွင် ကားငယ်တစ်စီးမှာ စက်ချွတ်ယွင်းနေဟန်ရှိသည်။ ကားခေါင်းစက်ဖုံးကိုဖွင့်၍ ဒရိုင်ဘာသည် တကုန်းကုန်း နှိုက်နေ၏။

ပထမသော် ဦးမြင့်နွယ်သည် အမှတ်မထင် ကြည့်နေခြင်းဖြစ်၏။ ခဏ၌မူ မသိမသာ မျက်မှောင်ကြုတ်သွား၏။

ကားက တံခါးလေးပေါက် ဖင်မလီယာ၊ အရောင်က အဖြူ၊ ကားဦးက မန္တလေးဘက် လှည့်ထားသည်။

ကြည့်နေစဉ် ဒရိုင်ဘာက ကားခေါင်းစက်ဖုံးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် ကားဆီ ပြန်တက်မောင်းသည်။

ဒရိုင်ဘာမှာ ကားစက်ဖုံးဖွင့်၍ နှိုက်နေပြန်ပြီ။
ဦးမြင့်နွယ်၏ မျက်လုံးများက ကားနောက်ခန်းဆီ ရောက်သွား၏။
ဩော် . . . ကလေးမ မွန်မွန်၊ အဖော်အမျိုးသမီးလည်း ပါသည်။
ဦးမြင့်နွယ်က စက်ခေါင်းနားကပ်သွားပြီး ဒရိုင်ဘာကို မေး၏။
"ဘာဖြစ်သလဲ"
"ဘယ်သိမလဲဗျ၊ ထွေနေတာ ရှာတုန်း"
ဒရိုင်ဘာက ပလပ်ဂ်များကို တစ်ခုချင်းဖြုတ်၍ စစ်ဆေးနေသည်။
ဦးမြင့်နွယ်က မှတ်ချက်ဝင်ပေးသည်။

ထွက်လာသော စက်သံကိုက မကောင်း။ ကားသည် တစ်ဘီးနှစ်ဘီးလိမ့်ပြီး တုံ့ခနဲ တုံ့ခနဲဖြစ်ကာ ရပ်သွား၏။

ဦးမြင့်နွယ်က နေရာမှ ထသောကြောင့် ဦးတုတ်ဝင်းက မေးသည်။

"ဘယ်လဲဗျ"

"ဘယ်ရဟန္တာကြီးဆိုလဲ . . . ရဟန္တာဖြစ်တာတောင် စရိုက်ပါနေလို့တဲ့၊ မြောင်းလေးဘာလေးတွေတွေ့ရင် ခုန်ကျော် ချင်သတဲ့၊ အဲ . . . ကျွန်တော်လည်း ငယ်ငယ်က စရိုက်ကျန်နေသေးလို့"

ဦးမြင့်နွယ်က ကားဖြူဆီ လျှောက်လာခဲ့သည်။

ဒရိုင်ဘာမှာ ကားစက်ဖုံးဖွင့်၍ နှိုက်နေပြန်ပြီ။

ဦးမြင့်နွယ်၏ မျက်လုံးများက ကားနောက်ခန်းဆီ ရောက်သွား၏။

ဩော် . . . ကလေးမ မွန်မွန်၊ အဖော်အမျိုးသမီးလည်း ပါသည်။

ဦးမြင့်နွယ်က စက်ခေါင်းနားကပ်သွားပြီး ဒရိုင်ဘာကို မေး၏။

"ဘာဖြစ်သလဲ"

"ဘယ်သိမလဲဗျ၊ ထွေနေတာ ရှာတုန်း"

ဒရိုင်ဘာက ပလပ်ဂ်များကို တစ်ခုချင်းဖြုတ်၍ စစ်ဆေးနေသည်။

ဦးမြင့်နွယ်က မှတ်ချက်ဝင်ပေးသည်။

"ပလပ်ဂ်ငုတ်တွေ အရောင်ကောင်းသားပဲ၊ ကာဘွန် မရှိဘူး၊ ဂက်ပ်တွေကော မှန်ရဲ့လား "

"မှန်တယ်ဗျ၊ တပ်ထားတာလည်း မကြာသေးဘူး"

"ခင်ဗျား ဒစ်စတြီဗျူတာက ထိပ္ပိုင့်ကို စစ်ပြီးပလား"

"ခုနင်ကပဲ စစ်ပြီးတယ်၊ စားလည်း မစားဘူး၊ ကျွမ်းလည်း မကျွမ်းဘူး၊ ကပ်လည်း မကပ်ဘူး"

ဒရိုင်ဘာသည် ပလပ်ဂ်များကို ပြန်တပ်လိုက်ပြီး ခါးဆန့်၍ နဖူးမှချွေးတို့ကို သုတ်နေ၏။

ဦးမြင့်နွယ်က မျက်နှာကို ချိုပြုံးစွာထားပြီး တောင်းပန်သောလေသံဖြင့် ဆိုသည်။

"နှောင့်ယှက်တယ် မထင်ပါနဲ့ဗျာ၊ ကျွန်တော် ကူညီပါရစေ၊ နောင်ကြီးက ကားပေါ်တက်ပြီး စက်နှိုးပါ၊ လီဗာတော့ မမြှင့်ပါနဲ့"

ဒရိုင်ဘာက ဦးမြင့်နွယ်၏အသွင်ကို အကဲခတ်ဟန် ခေတ္တကြည့်၏။ ဂဂ။ထို့နောက် ဘာမျှ ပြန်မပြောဘဲ ကားပေါ် တက်၍ စက်နှိုးပေးသည်။

မှန်မှန်လေး လည်နေသော စက်သံကို ဦးမြင့်နွယ်က ဂရုစိုက်၍ နားထောင်ကြည့်သည်။

သမားရိုးကျ စက်သံကြားတွင် ဖျပ်ဖျပ် . . . တပ်တပ်နှင့် အသံပိုလေးတစ်ခု ဝင်ဖောက်နေသည်။

ဦးမြင့်နွယ်က လှမ်းပြောသည်။

"လီဗာမြှင့်ပေးပါ"

လီဗာမြှင့်လိုက်သည်နှင့် တစ်ပြိုင်နက် ကားသည် ဆတ်ဆတ်ခါသွားသည်။ အိတ်ဇောပိုက်မှ မော်တော်ဆိုင်ကယ်မြည်သံမျိုး ထွက်လာ၏။

ဦးမြင့်နွယ်က လက်ပြသဖြင့် ဒရိုင်ဘာက လီဗာကို လျှော့၍ စက်ကိုပါ သတ်လိုက်၏။

ဦးမြင့်နွယ်က ဒစ်စတြီဗျူတာနှင့် ပလပ်ဂ်များကို ဆက်သွယ်သော ဝိုင်ယာကြိုးများ စစ်ဆေးကြည့်၏။ အားလုံးကောင်းနေသည်။ ချောင်နေ၊ လွတ်နေ၊ ပြတ်နေသည်တို့မရှိ။

ဦးမြင့်နွယ်က သက်ပြင်းရှိုက်လိုက်သည်။ ထင်သည့်အတိုင်း မှန်နေပြီ။

ဒရိုင်ဘာက ဆင်းလာပြီး မေး၏။

"ဘာတွေ့လဲဗျို့ "

"မီးခုန်ကူးနေတယ်၊ ဝိုင်ယာတွေကလည်း ဘာမှမဖြစ်တော့၊ အင်း . . . ဒုက္ခပဲ၊ ခင်ဗျား ဒစ်စတြီဗျူတာအဖုံး ကွဲနေပြီ"

"ဗျာ . . . သေချာရဲ့လား"

"ခင်ဗျား ဖြုတ်ကြည့်လေ"

ဒရိုင်ဘာသည် ညှပ်ကလစ်များကို ခွာကာ ကက်ပ်ဖုံးကိုဖြုတ်၏။ တစ်ဖန် ကွိုင်ဝါယာနှင့် စပတ်က်ဝါယာကြိုးများကို ဆွဲနုတ်လိုက်ပြီး ကက်ပ်ဖုံးကို စစ်ဆေးသည်။

မစ်ဆူဘီရှီ ကုမ္ပဏီလုပ် ကက်ပ်ဖုံးသည် သပ်သပ်ရပ်ရပ် ပြောင်ပြောင်လက်လက်ဖြင့် သာမန်အားဖြင့် ကြည့်သော် ဘာမှ အပြစ်မရှိသည့် သဏ္ဌာန်ပေါ်နေသည်။

ဦးမြင့်နွယ်က ဒရိုင်ဘာ၏လက်တွင်းမှ ကက်ပ်ဖုံးကို လှမ်းယူလိုက်သည်။ လက်ကိုင်ပဝါဖြင့် ကက်ပ်ဖုံး၏ အတွင်းအပြင်ကို ချေးစင်အောင် သုတ်လိုက်ပြီး နေရောင်တွင် ထောင်ကြည့်၏။

အပြစ်အနာကို အတွင်းပိုင်း၌ တွေ့သည်။ ပလပ်ဂ်များ ဆက်သည့် ငုတ်တိုင်လေးခုအနက် နှစ်ခု၏အကြား နံရံထောင့်ချိုး အစပ်တစ်လျှောက်တွင် အလွန်ကြည့်မှ မြင်နိုင်ရုံ အက်ကြောင်းရေးရေးကို တွေ့ရ၏။

ဦးမြင့်နွယ်က အက်ကြောင်းကို ဒရိုင်ဘာအား ပြ၏။

သေချာသွားသော ဒရိုင်ဘာသည် သက်ပြင်းရှိုက်ပြီး ခေါင်းကုတ်၏။

"အဲဒါမှ ဒုက္ခပဲ"

"ခင်ဗျားမှာ ကက်ပ်ဖုံးအပို မပါဘူးလား"

"မပါဘူးခင်ဗျ"

ကားနောက်ခန်း ပြတင်းပေါက်မှ မွန်မွန်၏ ခေါင်းကလေး ပြူလာ၏။

"ဘာဖြစ်လို့တဲ့လဲ ဦးသိန်းရွှေ"

" ဒစ်စတြီဗျူတာကက်ပ် ကွဲလို့ "

မွန်မွန်သည် နားလည်ပုံမရ၊ သာမန်လေအေးဖြင့် "နည်းနည်းပါးပါး ပြင်လိုက်လို့မရဘူးလား"ဟု မေးသည်။

ဒရိုင်ဘာက မဖြေ။ ဦးမြင့်နွယ်ကသာ လမ်းဘေး တစ်ဖက်တစ်ချက်ဆီ မျက်လုံးကစား၍ ရှာကြည့်သည်။

ဝပ်ရှော့ကြီးကြီးမားမားဟူ၍ မတွေ့။ လေဖြည့် လေချိန်ဆိုင်တစ်ဆိုင်ကိုသာ တွေ့သည်။

"ကဲ . . . လိုက်ခဲ့ဗျာ၊ စုံစမ်းကြည့်ရအောင်"

ဦးမြင့်နွယ်က ရှေ့ဆောင်သွားရာ ဒရိုင်ဘာသည် နောက်က လိုက်လာ၏။

ကံအားလျော်စွာပင် ဆိုင်၌ ဦးမြင့်နွယ်လိုချင်သော ဟန်းဒရေလ်ခေါ် လက်လှည့်စူးကို ငှားရ၏။

ဒရိုင်ဘာ၏ အကူအညီဖြင့် ဦးမြင့်နွယ်သည် ကက်ပ်ဖုံးအက်ကြောင်း၏ ခါးလယ်မှဖြတ်ကာ အပေါက်ကလေးတစ်ခုကို စိတ်ရှည်စွာ ဖောက်၏။

"ဟား . . . ဟား . . . ဘာလုပ်နေလဲ အောက်မေ့တယ်၊ အရေးပေါ်နည်းနဲ့ အဟဲ . . . စက်ဖြတ်နေတာကိုး"

ဦးတုတ်ဝင်း၏အသံ ဖြစ်၏။

"ဟုတ်တယ်ဗျို့၊ ဒီနေရာမှာ ဒီနည်းပဲ ရှိတော့တာ"

"ခင်ဗျား အက်ကြောင်းတွေပါ ပိတ်အောင် ချိပ် ဘယ်ကရမလဲ"

ဦးမြင့်နွယ်က ကက်ပ်ဖုံးမှ အမှုန်အစတို့ကို ပါးစပ်ဖြင့် မှုတ်ထုတ်ပြီး ဖြေ၏။

"ချိပ်ထက်ကောင်းတဲ့ ကင်မီကယ်လ် ရှိတယ်"

"အလို . . . ခင်ဗျားမှာ ပါလာလို့လား"

"ကျွန်တော့်ဆီတော့ ပါမလာဘူး၊ အဲ . . . မွန်မွန့်ဆီတော့ ပါလာလိမ့်မယ်ထင်တယ်"

**(ဆက်လက်ဖော်ပြပါမည်)**

**ပျောက်ဆုံးသွားပါကြောင်း**

ကျွန်မ မမျိုးသဥ္ဇာကျော် [၁၂/သကတ(နိုင်) ၁၇၄၂၉၅ ]၏ နိုင်ငံကူးပတ်စပို့စာအုပ် အမှတ် A ၂၂၅၁၃၆ သည် ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၂၁၁၇၀၄၂၀**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မကေသွယ်ထွန်း [၁၀/သထန(နိုင်) ၀၁၂၄၀၆] ကိုင်ဆောင်သူ၏ PP စာအုပ် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၇၃၁၇၀၀၅၈**
**မကေသွယ်ထွန်း**

**နေအိမ်၊ တိုက်ခန်းပြုပြင်**

ဟောင်းနွမ်းနေသော နံရံဆေးနှင့် ကြမ်းခင်းပေါလစ်ကိုအသစ်ဖြစ်အောင် ပြုပြင်ပေးပါသည်။ **ဖုန်း-၀၉ ၄၂၁၀၅၀၇၀၆**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ပိုင်ဆိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ လူနေရပ်ကွက် အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၁/က၁-ဒီ)၊အကျယ်အဝန်း (၀. ၀၄၁)ဧက အကျယ်ရှိ မြေအမျိုးအစား (ဘီ)၊ လ/န(၃၉)ရရှိပြီးဖြစ်သော ဦးဟန် ကြည်+၁ အမည်ပေါက်သည့် မြေကွက်အား တရားဝင် ပိုင်ဆိုင်သူ ဦးဝင်းမြင့်အောင် [၁၂/မရက(နိုင်)၀၈၀၇၂၁]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၅၉၀/၂၀၁၂ဖြင့် လွှဲအပ်ခြင်းခံရပြီး တရားဝင်လွှဲပြောင်းရောင်းချနိုင်သည့် အခွင့်အရေးရရှိထားသူ ဦးဇော်မင်းမင်း(ခ)ဇော်မင်းထွဋ် [၁၂/လသန(နိုင်)၀၀၁၉၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၇-၁၁-၂၀၁၂)နေ့တွင် အပြီးအပိုင်ဝယ်ယူ လက်ရောက်ရယူပြီးဖြစ်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်ဆွေ**
**LL.B,BDS, WIPO,D.L.P (switzerland)**
**Dip in English, PGDA (MUSIC)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၄၁)**
**အမှတ်(၁၀၅)၊ နှင်းဆီလမ်း၊ ၂ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၇၃၀၀၉၉၅၇၊ ၀၁ ၇၀၉၆၀၄**

**ကန့်ကွက်နိုင်ပါသည်**

ဒေါ်မာမာဆွေ [၁၂/အလန(နိုင်) ၀၁၂၈၂၇] ပိုင်ဆိုင်သော သန်လျင်မြို့နယ်၊ အလွမ်းဆွတ်ကျေးရွာ၊ ကွင်းအမှတ်(၆၅၄) မြယာရိုးရှိ ဦးပိုင်အမှတ်(၁၂)၊ (၈/၃)• ၄၉ဧကေ၊ ဦးပိုင်အမှတ်(၁၃) (G). ၃၅ဧက၊ ဦးပိုင်အမှတ်(၁၄/၂) (G) ၂• ၆၅ ဧက၊ စုစုပေါင်း (၃• ၄၉)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်တော် ဦးတင်ဝင်းလှိုင် [၁၂/ကတတ(နိုင်) ၀၂၄၉၉၄)]က ဝယ်ယူရန်စရန်ငွေများပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စရပ်များနှင့် ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာစာပါရှိသည့်နေ့ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်းလှိုင် (၀၉-၅၁၁၃၈၃၃)**
**အမှတ်(၁၅)၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊**
**(၅)ထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၈၄၊ဘီ)၊ (၄)လွှာ၊ ခြေရင်းခန်း (၁၂½ × ၅၀) ပေ၊ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်း၌ တပ်ဆင်ထားရှိသည့် အကျိုးခံစားခွင့် အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဆင့်ဆင့်အောင် [၁၂/လမတ(နိုင်) ၀၁၁၀၈၆] ထံမှ ကျွန်တော်၏မိတ်ဆွေ ဒေါ်မရန်ဆိုင်းမိုင်[၁/မကန(နိုင်) ၀၁၁၁၈၃]က တိုက်ခန်းတန်ဖိုးငွေများကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ဤသတင်းစာကြော်ငြာသည့် နေ့ရက်မှ (၇)ရက်အတွင်း အထောက်အထားစာချုပ်စာတမ်းများဖြင့် ကျွန်တော်ထံ ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးအောင် (၆၉၁၄)B.A,R.L, D.B.L**
**(တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉ ၇၃၀၀၂၆၀၇**
**အမှတ် ၁၆၀၊ ငုဝါလမ်း၊ ၅နာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဦးမြင့်အောင် (၆၃)နှစ်
**ဂဏန်းများကမ္ဘာ(ကျောက်တန်း)**
**စခန်းမှူး(ငြိမ်း)၊ ဖောင်ကြီးသူရ အပတ်စဉ်(၇)**

တောင်တွင်းကြီးမြို့နယ်၊ ဆပ်သွားတိုးချဲ့ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၃၅၆)နေ (ဦးပေါ်သိန်း-ဒေါ်စောလှိုင်)တို့၏သား၊ (ဦးမြသောင်း)-ဒေါ်သန်းကြည်တို့၏သားသမက်၊ ဒေါ်ခင်ဝင်းစိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မောင်နီ (ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန)-ဒေါ်သူဇာအောင်၊ ဒေါ်စံပယ်အောင် (မန်နေဂျာ၊ Golden Sea)၊ ဦးသန်းနိုင်ဦး-ဒေါ်သန္တာအောင်၊ ဒေါ်နေဇင်အောင် (Golden Sea)၊ မနီလာအောင်(Deco Land)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၇-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ စာရေးဆရာအသင်း ကန်တော့ခံသက်ကြီးစာပေပညာရှင် ရာမဦးအုန်းမောင်(ပညာအလင်းပြ)သည် ၂၆-၂-၂၀၁၃(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ စာရေးဆရာအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ရဟန်းအမ ဒေါ်စန်းကြည် (၇၈)နှစ်

ရဲမှူးအောင်သူ(မှူခင်းတပ်ဖွဲ့၊ အင်းစိန်)၏မိခင် ဒေါ်စန်းကြည်သည် ၂၈-၂-၂၀၁၃(ကြာသပတေးနေ့)နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်(၂၇)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးညဏ်မြင့်
## အသက် (၅၆)နှစ်
**ENVIPRO၊ လက်ထောက်ကထိက(ငြိမ်း)၊ စီးပွားရေးတက္ကသိုလ်**

လူတော်လူကောင်းတစ်ယောက်
လောကကြီးထဲက စောစီးစွာထွက်ခွာသွားတာ
ကြီးမားတဲ့ဆုံးရှုံးမှုတစ်ရပ်ပါပဲ။
မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါတယ်။
ကိုညဏ်မြင့် ကောင်းရာသုဂတိလားပါစေ။

**ဒေါ်နွဲ့နွဲ့ရီ၊ ဝင်းဝင်းအေးမိုး၊ မြတ်မွန်**
**(Assumption University, Bangkok)**

## ဦးလှမောင်(ခ)ဦးဖိုးလုံး
## အသက်(၈၅)နှစ်
**မူလတန်းကျောင်းအုပ်(ငြိမ်း)**
**အမက(၂၅) ဝက်လွတ်၊**
**ရေနံချောင်းမြို့**

ရေနံချောင်းမြို့၊ ညောင်လှ၊ ပုဂံစုရပ်နေ (ဦးချိတ်-ဒေါ်ဥ)တို့၏ သား၊ (ဦးအောင်ကျော်-ဒေါ်သာလိ)တို့၏ သားသမက်၊ ဒေါ်ကြင်ယုံ(ခ)ဒေါ်မှေး၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ်(၃၅၄)နေ ဦးမြင့်သိန်း(အင်ဂျင်နီယာ)၊ ဒေါ်ညွန့်ညွန့်ဝင်း (အမက-၁၄၊ လှိုင်မြို့နယ်)တို့၏ဖခင်၊ မောင်ဘုန်းနိုင်မြင့် (အနောက်ပိုင်းတက္ကသိုလ်)၊ မောင်ဖြိုးဝေမြင့်(ထ/၂၊ လှိုင်)တို့၏အဘိုးသည် ၂၆-၂-၂၀၁၃ရက် နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၃ရက် နံနက်၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်ပန်းနု
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၀)ရပ်ကွက်၊ ရေနံ့သာ(၁)လမ်းနေ (ဦးစောမင်း)၏ဇနီး၊ ဒေါ်ခင်စောဦး၊ ဦးစောထွန်း-ဒေါ်ခင်မျိုးဦး၊ ဦးသန်းဝင်းစော၊ ဦးကျော်လွင်စော-ဒေါ်သန်းသန်းဝင်း၊ ဦးအောင်ဝင်းစော-ဒေါ်မွှေးကြိုင် (One Flower)၊ ဦးသန်းတင့်-ဒေါ်ခင်စောဥမ္မာ၊ ဒေါ်ခင်စောအေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်စောဟိန်း၊ မမေမြတ်သူ၊ မောင်ညီဘုန်းသစ်တို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၈-၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ချစ်မြ
## အသက်(၁၀၀)
**(လှိုင်းဘွဲ့၊ ရန်ကုန်)**

(သခင်ကြွယ်ကြီး၊ မော်ကွန်းဝင်တတိယဆင့်)၏ဇနီး၊ ဦးစိန်အောင်-ဒေါ်စန်းစန်းရွှေ၊ ဦးကျင်ဟုတ်-ဒေါ်ရင်မြိုင်၊ (ဦးနိုင်စိုးသိမ်း-ဒေါ်စောမြိုင်)၊ ဦးကျော်ရှိန်-(ဒေါ်လှစိန်)၊ ဦးခင်မောင်-ဒေါ်ကြင်အေး၊ ဦးခင်အောင်-ဒေါ်ခင်ခင်ကြည်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၂ ယောက်၊ မြစ် ၃၆ ယောက်၊ တီ နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ချစ်မြသည် ၂၇-၂-၂၀၁၃ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်ရပ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၁)၊ အမှတ်(၄/ခ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၃ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးညဏ်ထွန်း
## အသက် (၈၃)နှစ်
**(B.A, B.L)**
**[ဥပဒေအရာရှိ အဆင့်(၁)ငြိမ်း]**

မုံရွာမြို့နေ (ဦးကိုကြီး-ဒေါ်တင်ဥ)တို့၏သားကြီး၊ (သီရိပျံချီ ဦးဘိုးသာ-ဒေါ်တင်မှတ်)တို့၏တူသား၊ (သီရိပျံချီ ဦးခင်ညွန့်-ဒေါ်ကြွယ်ကြွယ်ညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်(၄၃)နေ ဒေါ်ခင်ညွန့်ဦး၏ခင်ပွန်း၊ ဒေါ်ခင်စန္ဒာထွန်း (ကထိက၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဦးခင်မောင်တင့်(ကထိက-ငြိမ်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ဖခင်၊ ဒေါက်တာဝဏ္ဏထွန်း (ခေတ္တ-U.K)၏ အဘိုး ဦးညဏ်ထွန်းသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးသောင်း(ခ)ဦးမောင်သောင်း
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အဓိရုံကုန်းရပ်ကွက်၊ အဓိရုံကုန်းလမ်း၊ အမှတ်(၈၉)နေ (ဦးနေအောင်-ဒေါ်ထွေး)တို့၏ သား၊ ဒေါ်အေးရှင်၏ ခင်ပွန်း၊ဦးသိန်းကြွယ်-ဒေါ်သီတာအောင်တို့၏ဖခင်၊ မောင်နေတိုး၊ မမေသွယ်ထွန်းတို့၏ အဘိုးသည် ၂၇-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယိကာမကြီး
## ဒေါ်စိုးတင့် (၈၂)နှစ်
**(ပျဉ်းမကန်စံပြကျေးရွာ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကန်ပြောင်ကျေးရွာ၊ အရှေ့ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုန္ဒရ(နိုင်ငံတော်ဩဝါဒါစရိယ) နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ ထန်းပင်ကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တဝေပုလ္လ၏ မယ်တော်ကြီး၊ ဦးကျော်၏ချစ်လှစွာသော ဇနီး၊ ဦးကျော်ဝင်း(USA)-ဒေါ်နုနုရီ (USA)၊ ဦးဖိုးမာ-ဒေါ်ကြိုင်ကြိုင်ငွေး၊ ဒေါ်ဝေဝေတင်(Japan)ဦးရန်နိုင်အောင်-ဒေါ်သင်းသင်းထွေးတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မကြည်ကြည်မာ၏ အဘွား၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွား ဒေါ်စိုးတင့်သည် ၂၄-၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၂၃/အေ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၃ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဘောက်ထော်၊ အဝေရာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်စန်းကြည် (၇၈)နှစ်

(ဦးမြိုင်-ဒေါ်သန်းညွန့်)တို့၏ သမီး၊ (ဦးသန်းလွင်)၏ ဇနီး၊ ရဲမှူးအောင်သူ (မှုခင်းတပ်ဖွဲ့၊ အင်းစိန်)-ဒေါ်အေးအေးမူ၊ ဒေါ်မိုးသူဇာလွင်(ရုံးအဖွဲ့ခွဲမှူး၊ ကော်မတီရုံး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ)၊ ဦးသန်းငွေးဖိုလ် (EE Merks Shipping Co., Ltd.)- ဒေါ်မိုးစန္ဒာလွင်၊ ဦးတင်မောင်ကြီး (Chief-Engineer MTM Shipping Co., Ltd.)- ဒေါ်ခင်သန္တာလွင်၊ ဦးမင်းလွင်အောင်-ဒေါ်မိုးမိုးသူတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်စန်းကြည်သည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၉း၂၀ နာရီတွင် ဆာကူရာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရဲမှူးအောင်သူ မှုခင်းတပ်ဖွဲ့ဝင်း၊ အင်းစိန်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှိုင်မြင့် (၄၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဗိုလ်မှူးကြီးလှိုင်ဘွား(ငြိမ်း)-ဒေါ်ဝေဝေတို့၏ သားကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးစိန်ဝင်း)-ဒေါ်မြရွှေတို့၏ သားသမက်၊ အမှတ် (၉၁)၊ ဓမ္မစိန္တာလမ်း၊ သုံးလွှာ(ယာ)၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ တာမွေနေ ဒေါ်တင်ဝါဝါဝင်း၏ခင်ပွန်း၊ မတိုးပြည့်ရတနာလှိုင် (အထက-၄၊ တာမွေ)၏ဖခင်၊ ဗိုလ်မှူးနေသွေးအောင်- ဒေါက်တာမြတ်သွယ်လှိုင် (ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါက်တာနှင်းအေးလှိုင်(ရူပဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ ဒေါ်မြတ်ဦးလှိုင် (MRTV-4) တို့၏အစ်ကိုကြီး၊ တူ/တူမ နှစ်ယောက်တို့၏ဘကြီး ဦးလှိုင်မြင့်သည် ၂၇-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးထွန်းတင်(စစ်တွေ) (၈၁)နှစ်
**B.Sc., B.L.B.C.S**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ပြည်လမ်းနေ အငြိမ်းစားတိုင်းမင်းကြီး သရေစည်သူ [ဦးကျော် (O.B.E.K.S.M)-ဒေါ်စန္ဒာဖြူ]တို့၏မြေးသမက်၊ စစ်တွေမြို့နေ ရှေ့နေ (ဦးအောင်ထွန်း-ဒေါ်မဖြူ)တို့၏မြေး၊ စစ်တွေမြို့နေ မြို့ပိုင်မင်း (ဦးသာထွန်းဖြူ-ဒေါ်သာနု)တို့၏ သား၊ [ဦးစောရွှေ (MD ဖက်စပ်-၁၁)]-ဒေါ်မြမေ (Nellie Kyaw)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ (A-10)၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်မြမြရွှေ (Rosalind Shwe)၏ခင်ပွန်း၊ ဒေါ်ဖြူမာဝေ(ဒု-တိုင်းဒေသကြီး ဥပဒေအရာရှိ)၊ ဒေါက်တာဒေါ်မြသူဇာ(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ပြည်တက္ကသိုလ်)- ကပ္ပတိန်ထွန်းနီ၊ ဦးမောင်မောင်တင် (Tech: Supt S'pore)-ဒေါ်မြသန္တာ၊ ဒေါက်တာမြစန္ဒာ(ဓာတ်မှန်ဆရာဝန်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မနီအေးခိုင် (3rd. MB, UM 1)၊ မောင်ကောင်းမြတ်သူ၊ မဆောင်းလတ်ဖြူ (S'pore)တို့၏အဘိုးရှင်သည် ၂၇-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဟုတ်ရှိန် (၇၄)နှစ်
**အင်ဂျင်နီယာမှူး(ငြိမ်း)၊ ခွန်ထိန်းကျောက်ထုတ်ဦးစီးဌာန**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၇)နေ (ဦးကြာဝါး-ဒေါ်အိ)တို့၏သား၊ (ဦးအုန်းသွင်-ဒေါ်ဖွားတင်)တို့၏ သားသမက်၊ (ဦးကျင်တိတ်)-ဒေါ်မြကျင်၊ ဦးကျင်ဗုက်-(ဒေါ်စောတုတ်)၊ (ဦးကျင်ယုံ)-ဒေါ်ထား၊ (ဦးတင်မြင့်)-ဒေါ်မြင့်ရီ၊ ဦးကျင်ဟုတ်-ဒေါ်ကြီးမြင့်တို့၏ညီ၊ ဒေါ်ခင်စမ်း၏ခင်ပွန်း၊ ဦးရူပ၊ ဦးပညာ-ဒေါ်မီမီကျော်(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ ဦးကောင်းထက်-(ဒေါ်ခင်ဥမ္မာရှိန်)တို့၏ဖခင်၊ မအေးငြိမ်းသီရိ (Grade 9 K, TTC)၊ မခင်ဖြူစင်ထက် (Grade 8 H, TTC)၊ မခင်အေးမြတ်ထက် (Grade 5 B, TTC)တို့၏အဘိုးသည် ၂၇-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၃(အင်္ဂါနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးစိုးဝင်းအောင် (တေ၉-၂၅)
**ယာယီတပ်ရင်းမှူး**
## အသက်(၃၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နေ ဦးအောင်စိုး(စိုက်ပျိုးရေးဦးစီးဌာန-ငြိမ်း)၊ ဒေါ်ခင်လှမိ(တရားလွှတ်တော်ရှေ့နေ)တို့၏သားငယ်၊ ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ ဈေးကုန်းရပ်နေ ဦးဝင်းအောင်-ဒေါ်ခင်နွဲ့(ပညာရေး-ငြိမ်း)တို့၏ သားသမက်၊ ဦးအောင်ခင်စိုး၊ ဒေါ်စိုးမိုးအောင်(ကထိက၊ ဘူမိဗေဒဌာန)၊ ဗိုလ်မှူးအောင်ခင်မိုး(ငြိမ်း) (ယဉ်ကျေးမှုဝန်ကြီးဌာန)တို့၏ညီ၊ ဒေါ်ဇင်မာစိုး(လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)၏အစ်ကို၊ ဒေါ်ခိုင်စပယ်အောင်၏မောင်၊ ကိုနေမိုးအောင်(ဧည့်လမ်းညွှန်)၊ ဒေါ်ခင်မမတို့၏အစ်ကို၊ မောင်ပိုင်စိုးမြတ်၏ဖခင်၊ ဒေါ်လှိုင်မြတ်စုအောင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၂-၂၀၁၃ရက်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွန့်မောင်
## အသက် (၉၆)နှစ်
**(ဗဟန်း)**
**ငါးထပ်ကြီးဘုရား၊ခြောက်ထပ်ကြီးဘုရား (ဂေါပကဟောင်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ မြန်အောင်ကျောင်းတိုက်နေ (ဦးပု-ဒေါ်လှတူး)တို့၏သား၊ (ဒေါ်မြိုင်)၏ခင်ပွန်း၊ (ဒေါ်ခင်လှ)၊ (ဦးမြဦး)-ဒေါ်လှရီ၊ ဦးမြင့်ဦး-(ဒေါ်အုံးရီ)၊ ဦးပေါ်ထွန်း-ဒေါ်ခင်ခင်စိန်တို့၏ဖခင်၊ ဦးစိုးကြည်-ဒေါ်မော်မော်အေး၊ ဦးငွေး-ဒေါ်နွယ်နွယ်မြင့်ဦး၊ ဦးထွန်းတင့်ဝေ-ဒေါ်ကြည်ကြည်သန်း၊ ဦးဝင်းနိုင်-ဒေါ်မြတ်သန္တာဦး၊ ဦးမင်းစည်သူ-ဒေါ်အေးမြမြဖူး၊ ဦးဇော်ညွန့်-ဒေါ်လဲ့လဲ့ခိုင်၊ ဒေါ်နွယ်နွယ်ဦး၊ ဦးကျော်စွာဦး-ဒေါ်ဇာနည်ဝင်း၊ ဦးထွန်းနေစိုး-ဒေါ်အေးသန္တာဝင်းတို့၏ဘိုးဘိုး၊ မြစ် ၁၆ ယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်စိန်ဟန် (၈၇)နှစ်
**(ကန်တော်ကလေး)**

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ အမှတ်(၈၇)၊ ပထမထပ်၊ မြန်မာ့ဂုဏ်ရည်လမ်းနေ ဦးမြရီ၏ဇနီး၊ ဦးမြင့်သောင်း-ဒေါ်အေးသိုက်၊ ဦးအောင်မြင့်-ဒေါ်ပြုံးပြုံးကြည်၊ (ဦးကိုကိုရီ)-ဒေါ်ခင်သန်းရီ၊ ဦးကိုကိုဟန်-ဒေါ်သီတာအေး၊ ဦးမြင့်လွင်-ဒေါ်စန္ဒာရီ၊ ဒေါ်သီတာရီ၊ ဦးဗညားစိန်-(ဒေါ်ဖြူဖြူအောင်)၊ (ဦးဗညားနွဲ့)တို့၏မိခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၈-၂-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၃(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ
## ဦးဘဂျမ်း (၈၃)နှစ်
**(အဖျောက်)**

အဖျောက်မြို့၊ (၁)ရပ်ကွက်နေ (ဦးလုံ-ဒေါ်စီလိ)တို့၏သား၊ (ဦးထွန်းလှိုင်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်မြနွဲ့၏ ခင်ပွန်း၊ ကိုတင်ဦး-မသန်းသန်းဦး၊ ကိုကျော်ကြီး-မမာမာခင်(ကျော်ရတနာ၊ ၃၈ လမ်းရွှေပန်းထိမ်)၊ ကိုမြင့်ငွေး-မစန်းစန်းယု၊ ကိုသက်နိုင်-မတင်တင်မြင့်၊ ကိုခင်ကျော်-မမိုးမိုးယု၊ မောင်မင်းကို-မလှလှထွေး၊ မောင်ဇေယျာလင်း-မသဇင်ငြိမ်းတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုး ဦးဘဂျမ်းသည် ၂၈-၂-၂၀၁၃ရက် နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မြင့်မြင့်အေး (၅၂)နှစ်
**ပို့ဆောင်ရေးဝန်ကြီးဌာန၊**
**ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**ဒေသ(၁)အကြီးတန်းလက်နှိပ်စက်စာရေး**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့၊ သိန်တန်းရပ်ကွက်နေ ကိုညဏ်အေး (အမက၊ သိန်တန်း)၏ ညီမ၊ ဒေါ်ဝေဝေအေး[အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက္ကူစက်ရုံ၊ သာပေါင်း]၊ မကျော့ကျော့အေး (Step Co., Ltd.)၊ ကိုခိုင်အေး(အမက၊ စပ်လဲ)၊ မချိုချိုအေး၊ ကိုဖိုးထူး-နော်မူမူအေး (ဝေပုလ္လ ၆ လမ်း၊ မ/ဥ)၊ ကိုရောင်ခြည်ဦး-မစုစုမာ(တံတားအထူးအဖွဲ့-၁၂)၊ ကိုထွန်းထွန်းဝင်း-မသင်းသင်းအေး (အမက၊ သဲကုန်း)၊ ကိုတက်ထွန်းအေး-မယမင်းအေးတို့၏အစ်မကြီး၊ (ဦးအေးချမ်း)-ဒေါ်ဒေါင်းရင်တို့၏သမီး၊ ဦးစောစိုင်းလတ် (ရေကြောင်းပို့ဆောင်ရေး၊ စက်ခန်းအုပ်-၃၊ ငြိမ်း)၏ချစ်လှစွာသော ဇနီးသည် ၂၆-၂-၂၀၁၃ရက် ညနေ ၃း၁၅နာရီတွင် ကျောက်ကြီးမြို့၊ သိန်တန်းရပ်ကွက်၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ကျောက်ကြီးမြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ သူရိယမထေရ်မြတ်
## သိက္ခာတော်(၃၈)ဝါ၊ သက်တော်(၅၈)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မဟာဓမ္မိကာရာမတိုက် ပတ္တမြားအုဋ်ကျောင်း၏ ပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တသူရိယမထေရ်မြတ်သည် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ရက်) ၂၆-၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်) ၂-၃-၂၀၁၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပင့်ဆောင်၍အန္တိမပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်စိန်(ကျိုက်လတ်) (၉၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ် မြို့၊ (၃)ရပ်ကွက်၊ (၅×၆)၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄၅)နေ ဒေါ်ကြင်လှ၏ခင်ပွန်း၊ ဦးမျိုးဇော်-ဒေါ်ခင်လေးတင့်၊ ဒေါ်သန်းသန်းဆင့်၊ ဦးမျိုးတင့်(ခ)ဦးဖိုးပါကြီး-ဒေါ်ခင်ညိုစိမ့်(ရွှေဒင်္ဂါးရွှေဆိုင်)တို့၏ မွေးသဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၂၆-၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်လတ်မြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းရီ (၇၉)နှစ်
**(လှမိသားစု စက်မှုလက်မှုလုပ်ငန်း)**

ပုသိမ်မြို့နေ (ဦးသန်းရှိန်-ဒေါ်စိန်ပု)တို့၏သား၊ (ဦးဖိုးလွင်-ဒေါ်သန်းခြံ)တို့၏ သားသမက်၊ အမှတ်(၂၀)၊ ကမ်းနားလမ်း၊ ထီးတန်းစက်မြေရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်တင်လှ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းလွင်-ဒေါ်ကြည်ကြည်စိန်၊ ဦးရဲထွဋ်-ဒေါ်ဖြူဖြူခင်(အထက-၄၊ ကြည့်မြင်တိုင်)၊ ဦးသန်းငွေး-ဒေါ်နီနီခင်၊ ဦးဇံမင်း-ဒေါ်ဝါဝါခင်၊ ဒေါက်တာညိုညိုခင် (တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃(စနေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ခင်ညို(ပုတီးကုန်း) (၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့မ(၁)လမ်း၊ တောင်ပိုင်းနေ (ဦးမူ-ဒေါ်သိန်းတင်)တို့၏သမီးလတ်၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ တိုက်(၁၃၈)၊ အခန်း(၆)၊ အရှေ့ရန်ကင်းနေ [ဦးဝင်း (ဌာနမှူး၊ ပန်းချီပညာရေးကောလိပ်-ငြိမ်း)]၏ဇနီး၊ (ဒေါ်ခင်ကြည်)၊ (ဦးမောင်မောင်)-ဒေါ်ပုတို့၏ညီမ၊ (ဦးမောင်ကို)-ဒေါ်တင်မာဝေတို့၏အစ်မ၊ ဦးခင်မောင်သန်း (SAE လမ်းအထူးအဖွဲ့-၇)-ဒေါ်ချိုချိုဝင်း (အလယ်တန်းပြ၊ ရန်ကင်း၊ TTC)၊ ဦးတင်မောင်ထွန်း (SYSTEM ENGINEERING Co., Ltd.)-ဒေါ်အေးအေးဝင်း(စီးပွားကူးသန်း)၊ ဦးသန်းထူးဝင်း (PRINTNET Tokyo Co., Ltd.)-ဒေါ်သီတာအေး၊ ဒေါ်မို့မို့ဝင်း(လ/ထ လဝက ကြီးကြပ်ရေးမှူး၊ ဗဟန်း)၊ ဦးရဲမော်ဝင်း (Shibuya ZARNY HTOO HTOO Co., Ltd.)-ဒေါ်စုစုသိန်း (မော်နီကျော်-ဓာတ်ပုံဗီဒီယိုရိုက်ကူးရေး၊ သဃ်န်းကျွန်းမြို့နယ်)၊ ဦးတင်နီဝင်း (Shibuya ZARNY HTOO HTOO Co., Ltd)-ဒေါ်ဝေနှင်းဖြူ ဦးမိုးကျော်ဝင်း(Shibuya ZARNY HTOO HTOO Co., Ltd)-ဒေါ်ဖြိုးအိကျော်ဝင်း (ဓာတ်ပုံဗီဒီယို ရိုက်ကူးရေး၊ မော်နီကျော်၊ ရန်ကင်းမြို့နယ်) တို့၏ကျေးဇူးရှင်မွေးသမိခင်၊ ကိုဇာနည်ထူးထူး (Shibuya ZARNY FASHION ENTERTAINMENT INC)၊ မဟေမန်ဝေယံထွန်း(ကွန်ပျူတာတက္ကသိုလ်)၊ မကျော့ရှင်းရူပါထွန်း (ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်)၊ မအေးချမ်းဝသန်ထွန်း (နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ မနေနီနုနုရွှေ (နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ မောင်အောင်မျိုးသူရကျော် (ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်)၊ မမေငြိမ်းဝါဆိုထွန်း (VIII-B၊ ရန်ကင်း၊ TTC)၊ မောင်အာကာဟိန်း ( VI-A၊ ရန်ကင်း၊ TTC)၊ မသူသူဖြိုးကျော် (VI-D၊ ရန်ကင်း၊ TTC)၊ မငြိမ်းစုရွှန်းလဲ့ဝင်းတို့၏ အဘွား၊ တူ/တူမ ၁၀ယောက်တို့၏ ကြီးကြီးသည် ၂၇-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တိုက်-၁၃၈၊ အခန်း-၆၊ ရန်ကင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှမြင့်(သန်လျင်)
## အသက်(၇၇)နှစ်
**လက်ထောက်မန်နေဂျာ-ငြိမ်း၊ မစဘ(သန်လျင်)**

ရွှေကျင်မြို့၊ တောင်ဘက်ရွာနေ (ဦးစိန်-ဒေါ်ပု)တို့၏ သား၊ သန်လျင်မြို့၊ အမှတ်(၃)၊ သစ်တောလမ်း၊ အမှုထမ်းရပ်ကွက်နေ ဒေါ်ကြည်ကြည်သန်း၏ခင်ပွန်း၊ ဗိုလ်မှူးကျော်စွာထွန်း-ဒေါ်အိအိမင်း၊ ဗိုလ်ကြီးလတ်မင်း၊ ဦးတင်ဝင်းညို-ဒေါ်မျိုးပပမင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးလှမြင့်သည် ၂၈-၂- ၂၀၁၃ (ကြာသပတေးနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃- ၂၀၁၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးတင်ရှိခြင်း
## သင်္ချာဂုဏ် ဆရာဦးလှရွှေ (M.L.A International)
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြယာကုန်းလမ်း၊ အမှတ်(၁၂၅)နေ (ဒေါ်လှရင်)၏ခင်ပွန်း ၂၄-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားသော ဆရာ၏ ဈာပနတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးသော ရပ်မိရပ်ဖများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ တယ်လီဖုန်းဖြင့် သတင်းမေးသူများ၊ ဘာသာရေးအသင်းအဖွဲ့မှ လူကြီးမင်းများ၊ နာရေးကူညီမှုအသင်းမှ လူကြီးမင်းများ၊ M.I.C.B ဘဏ်မှ အရာရှိများနှင့် ဝန်ထမ်းများ၊ M.L.A International မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား/သူများ၊ အထက(၃) သဃ်န်းကျွန်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသူ/သားဟောင်းများနှင့် လိုက်ပါပို့ဆောင်ကြသူအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု


ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

# အားကစားသည် နိုင်ငံသားများ၏ ကိုယ်ကျင့်တရားကို ထူထောင်ပေးနိုင်သည့် အခြေခံအုတ်မြစ်ဖြစ် လူတစ်ဦးချင်းစီ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် လူသားဂုဏ်ရည်မြင့်မားရေး ဖြစ်ထွန်းစေ

**နေပြည်တော်  ဖေဖော်ဝါရီ  ၂၈**

၂၀၁၃ ခုနှစ် နေပြည်တော်၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကို အထောက်အကူဖြစ်စေရန်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးနှင့် နိုင်ငံတော်အားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုကို ပြသနိုင်ရေးတို့အတွက် အထောက်အကူဖြစ်စေရန်နှင့် အဆင့်မီ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်၍ ဖွင့်လှစ်ပေးသည်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် ကြိုဆိုဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား စတင်ခြင်း အထိမ်းအမှတ်အဖြစ် Countdown ပြုလုပ်ရေတွက်ပြီး ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကို စတင်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် ဘင်ခရာအဖွဲ့နှင့် အလံကိုင်တပ်ဖွဲ့များက ဦးဆောင်၍ ပြိုင်ပွဲဝင် အားကစားသမားများက ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း ချီတက်နေရာယူကြပြီး **စာမျက်နှာ ၉ ကော်လံ ၂ သို့** ✻



ကြော်ငြာ စာမျက်နှာ အပိုပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ အပို က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ ပါရှိပါသည်။**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်း ရေဒီယိုအစီအစဉ်များမှ ထုတ်လွှင့်သွားမည်

**နေပြည်တော်  မတ်  ၁**

နိုင်ငံတော်သမ္မတ၏ ရေဒီယိုမိန့်ခွန်းအား မတ်လ ၁ ရက်၊ ၂ ရက်၊ ၃ ရက်နေ့တို့တွင် ရေဒီယိုအစီအစဉ်များမှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး နေပြည်တော်မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်တို့မှ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီ၊ ည ၈ နာရီတို့တွင်လည်းကောင်း၊ ပိတောက်မြေရေဒီယိုမှ နံနက် ၅ နာရီခွဲ၊ နံနက် ၇ နာရီ၊ ညနေ ၆ နာရီ၊ ည ၈ နာရီတို့တွင် လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲတွင် မြားပစ်အားကစားသမားတစ်ဦးက ပင်မမီးရှူးတိုင်ကို မြားပစ်မီးကူထွန်းညှိပေးစဉ်။

(သတင်းစဉ်)







